မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၁၅)



လယ်မြေယာမြေများ နွေရော၊ မိုးပါစိုက်ပျိုးရေပေးဝေနိုင်မည့် မကွေးတိုင်း အောင်လံမြို့နယ်ရှိ ပဒဲရေလှောင်တမံစီမံကိန်း

သတင်းမှတ်စု–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၂

ပဒဲရေလှောင်တမံစီမံကိန်းကို မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ်၏ အရှေ့တောင်ဘက် ၃၆ မိုင်ခန့်အကွာ နတ်မောက်ရွာအနီး ပဒဲချောင်းပေါ်တွင် တည်ဆောက်ထားသည်။ စီမံကိန်းအကောင်အထည်ဖော်ခြင်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူဆောင်ရွက်ခဲ့သည်။

ပဒဲရေလှောင်တမံ၏ ရေဆင်းဧရိယာသည် စတုရန်းမိုင် ၆၁ ဒသမ ၁၉ရှိ၍ အောင်လံမြို့နယ်၏ ပျမ်းမျှနှစ်စဉ် မိုးရေချိန်မှာ ၃၀ ဒသမ ၉၇လက်မရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေသည် ဧကပေ ၃၄၀၀၀ ရှိသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ✻

လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တည်ဆောက်လျက်ရှိသော မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ်၏ အရှေ့တောင်ဘက် ၃၆မိုင်ခန့်အကွာရှိ ပဒဲရေလှောင်တမံစီမံကိန်း ရေထိန်းမျှော်စင်ကို ဇန်နဝါရီ၁၆ ရက်က ဤသို့ ခံ့ညားထည်ဝါစွာတွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ တာဝန်ယူ၍ မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ်၏ အရှေ့တောင်ဘက် ၃၆ မိုင်ခန့်အကွာ ရွှေပန်းတောကျေးရွာအနီး ပဒဲချောင်းကို ပိတ်၍ တမံအမြင့် ၁၁၈ ပေ၊ တမံအလျား ပေ ၂၄၀၀၊ မြေသားတမံအမျိုးအစားဖြင့် တည်ဆောက်ထားသည့် ပဒဲရေလှောင်တမံစီမံကိန်း တည်ဆောက်ပြီးစီးမှုမြင်ကွင်းကို ဇန်နဝါရီ၁၆ ရက်က ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❒ **“တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန် ရယူပြီးသည့်နောက်တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်၏ စစ်မှန်သော စေတနာနှင့် မှန်ကန်သော လုပ်ရပ်များကြောင့် လက်နက်ကိုင်အဖွဲ့ အစည်း ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။”** ခေါင်းကြီး (စာ–၂)

❒ **“သွားတိုက်ဆေး၊ သွားပွတ်တံကုမ္ပဏီများအနေဖြင့် အရည်အသွေးပြည့်မီ၍ စံချိန်စံညွှန်းကိုက်ညီ ပြီး ကျေးလက်ပြည်သူများပါသုံးစွဲနိုင်မည့် ဈေးနှုန်းချိုသာသော သွားတိုက်ဆေး၊ သွားပွတ်တံများကို ဦးစားပေး ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ဆောင်ရွက်ကြိုးစားကြပါရန် တိုက်တွန်းအပ်ပါသည်။”** ဒေါက်တာကျော်ညွှန့်၏ ဆောင်းပါး (စာ–၁၀)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

မူးယစ်ဆေးဝါးပပျောက်ရေး အမျိုးသားရေးတာဝန်အဖြစ်ခံယူ တိုင်းရင်းသားပြည်သူများ နိုင်ငံတော်နှင့်လက်တွဲ၍ ဝိုင်းဝန်းတိုက်ဖျက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နယ်ချဲ့၏ဆိုးမွေအဖြစ် ကျန်ရစ်ခဲ့သော မူးယစ်ဆေးဝါးများ လုံးဝပပျောက်စေရန် ဒေသခံတိုင်းရင်းသားများ အသိတရားရှိရှိ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာ့တပ်မတော်သည် အသက်နှင့်ကိုယ်ခန္ဓာအစိတ်အပိုင်းများ စွန့်လွှတ်ခဲ့ရသည်။ ကုလသမဂ္ဂကွန်ဗင်းရှင်းများ၌ မြန်မာအစိုးရက ပါဝင်လက်မှတ်ရေးထိုးကာ ကုလသမဂ္ဂ၊ နိုင်ငံတကာ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် မူးယစ်ဆေးဝါး လုံးဝ ပပျောက်ရေးလုပ်ငန်းများကို ပူးပေါင်းလက်တွဲ ကြိုးပမ်းလျက်ရှိသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၅၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားခဲ့ရာ၌–

"မူးယစ်ဆေးဝါးဟာ တစ်နိုင်ငံလုံးကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်ဖြစ်တယ်။ ငါတို့တပ်မတော်သားတွေဟာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ အသက်တွေစွန့်ပြီး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြရတယ်။ တပ်မတော်အနေနဲ့ မူးယစ်ဆေးဝါးအန္တရာယ် လုံးဝပပျောက်သွားသည် အထိ အစွမ်းကုန်ကြိုးစားနေတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းဟာ ကမ္ဘာ့သူကမ္ဘာ့သား အားလုံးနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းဖြစ်လို့ ကြီးမားကျယ်ပြန့်ပြီး ခက်ခဲနက်နဲတဲ့ လုပ်ငန်းလည်းဖြစ်တယ်"

ဟူ၍ မိန့်ကြားသွားခဲ့သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဘဝ မြင့်မားလာစေရန် အလေးထား အကောင်အထည်ဖော်လျက် ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်း၍ ၁၅နှစ်စီမံကိန်းကို ချမှတ် အကောင်အထည်ဖော်လျက် ရှိသည်။

ယင်းစီမံကိန်းသည် ၁၉၉၉–၂၀၀၀ ခုနှစ်မှ ၂၀၁၃–၂၀၁၄ ခုနှစ်အထိဖြစ်သည်။ ယင်း စီမံကိန်းနှင့်အတူ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တွဲဖက်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မူးယစ်ဆေးဝါးများနှင့်စပ်လျဉ်းပြီး စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ သုံးစွဲသူ၊ သယ်ဆောင်ရောင်းဝယ်သူများကိုလည်း ဥပဒေနှင့်အညီ ပြတ်ပြတ်သားသားအရေးယူနေသည်သာမက ဖမ်းဆီးရမိသောဘိန်းစိမ်း၊ ဆေးခြောက်၊ ကိုကင်း၊ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးဝါးများနှင့် ဘိန်းမျိုးစေ့များပါမကျန် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများက နိုင်ငံတကာသံတမန်များရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန် ရယူပြီးသည့်နောက်တွင် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်၏ စစ်မှန်သောစေတနာနှင့် မှန်ကန်သောလုပ်ရပ်များကြောင့် လက်နက်ကိုင်အဖွဲ့အစည်း၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။

ယင်းအောင်မြင်မှုသည် နယ်စပ်ဒေသများဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ ဘိန်းစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းများလျော့နည်းပပျောက်သွားစေရန် တားဆီးနိုင်သည့် အခွင့်အလမ်းများကို တိုးတက် ရရှိစေခဲ့သည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းသည် နိုင်ငံနှင့်လူမျိုးအတွက်သာမက ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက် တားဆီးကာကွယ် တိုက်ဖျက်ရမည့် အမျိုးသားရေးတာဝန်ပင် ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့လူသားများကို အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်အဖြစ် နားလည်ခံယူပြီး နိုင်ငံတော်နှင့်လက်တွဲ၍ မူးယစ်ဆေးဝါး လုံးဝကင်းစင်ပပျောက်သွားသည့်တိုင် ဝိုင်းဝန်းတိုက်ဖျက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၃–၁–၂၀၀၅

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"အစွန်းနှစ်ဖက်သို့ မကပ်ပါမှ"**

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Essentials of a valid contract (ဒုတိယနှစ်–ဥပဒေပညာ အထူးပြု)
- ၄း၃၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၈။ နိုင်ငံတကာသတင်း
- ၆း၂၀ ၉။ မိုးလေဝသသတင်း
- ၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း–၄)
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ မြန်မာ့ရှုခင်း
- ၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၇။ English Premier League ဘောလုံးပွဲ Arsenal Vs New Castle United

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

နှစ်ဖက်သော မိဘ၊ ဘိုးဘွားများအား အမှူးထား၍ အမှတ် ၅၂/၂၀၊ ခတ္တာလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်နေ ဦးတင့်ဇော်–ဒေါ်လှမျိုး မိသားစုက မွေးနေ့အလှူအဖြစ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် နှစ်သိန်းတစ်သောင်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

အင်းစိန်မြို့နယ် မြို့သစ်(က+ခ) ရပ်ကွက် ခ/၇လမ်း အမှတ် ၂၃၀ ဦးစန်းမောင်–ဒေါ်သိန်းလှတို့က ဦးစန်းမောင် မွေးနေ့အတွက် အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့စိန်ရတနာနာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်းနှင့် အမှုဆောင်များက လက်ခံယူစဉ်။ (က–ပ)

စဉ့်ကိုင်မြို့ စပယ်လမ်းနှင့် အောင်ဇေယျလမ်း ကတ္တရာခင်း

ရန်ကုန် ဇန်နဝါရီ ၂၂

မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စပယ်လမ်း အရှည်ပေ ၁၃၅၀၊ အကျယ် ၁၂ပေနှင့် အောင်ဇေယျလမ်း အရှည်ပေ ၄၀၀၊ အကျယ် ၁၂ပေ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

(နယ်စပ်စည်ပင်)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို အထူးသန့်ရှင်းရေးဆောင်ရွက်စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အသင်းဝင်များ စုပေါင်းကာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ အထူးသန့်ရှင်းရေးပြုလုပ်ခြင်း၊ သွေးလှူဒါန်းခြင်းနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ခြင်း အခမ်းအနားကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးကြသည်။

နှုတ်ဆက်အားပေး

ရှေးဦးစွာ ဝန်ကြီး၊ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ ရန်ကုန်အနောက်ပိုင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အသင်းဝင် သွေးလှူရှင် ၄၀ တို့က သွေးစုပေါင်း လှူဒါန်းနေမှု အခြေအနေများကို ကြည့်ရှုပြီး သွေးအလှူရှင်များအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်အားပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီး၊ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ဆေးရုံကြီး သင်ကြားရေးခန်းမဆောင်၌ ကျင်းပသော အသင်းဝင် အဆိုပြုလွှာပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အစီအစဉ်အရ ရန်ကုန်အနောက်ပိုင်း အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးပဒေသာပင်အတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၄၀၀၀၀ ရှိ အလှူငွေများနှင့် စက်ကိရိယာပစ္စည်းများကို အလှူရှင် အသီးသီးက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံသို့ ကြည့်မြင်တိုင်မြို့နယ် ဝါးရုံဆိပ်ကျေးရွာအုပ်စုနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေရောဂါကု ဆေးရုံကြီး ဝန်ထမ်းများ၏ အသင်းဝင်အဆိုပြုလွှာ ၂၄၈၁ စောင်ကို ဝါးရုံဆိပ်ကျေးရွာ စည်းရုံးရေးမှူးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံပြီး အသိအမှတ်ပြု ကတ်ပြားများ ပြန်လည်ပေးအပ်သည်။

ရုပ်သိမ်း

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဖေဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထီးလှိုင်လမ်း ဂဝံမြေနီခင်း

ရန်ကုန် ဇန်နဝါရီ ၂၂

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ခရိုင်တာဝန်ခံ ဦးကိုကိုနိုင်တို့သည် ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော မြို့ပြလမ်းဖြစ်သည့် ထီးလှိုင်လမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်းကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က ကြည့်ရှုစစ်ဆေးရာ ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့်အင်ဂျင်နီယာ(၂) ဦးဇော်မြင့်တို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း(ဗဟန်း၃လမ်းမှတ်တိုင်အနီးတွင်) မိခင်ကြီး ဒေါ်ကြည်လှအား အမှူးထား၍ ဒေါက်တာမောင်မောင်သန်းနှင့် ညီအစ်ကိုမောင်နှမတစ်စု(မေတ္တာမွန်ဆေးခန်း)က အလှူငွေ ကျပ်တစ်သိန်းကို အတွင်းရေးမှူးဦးစိုးမြတ်အောင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမာရွတ် ဒေါ်သာထက် အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ကမာရွတ် ဒေါ်သာထက် အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ၂၀၀၅ ခုနှစ်အတွက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့)နံနက် ၉ နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ခမ္မာရုံကြီး (ဗဟန်း ၃ လမ်းထိပ်)အနီးတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ဦးကိုကိုလေး(တရားရုံးချုပ်ရှေ့နေ) ဖုန်း- ၅၂၄၀၇၃၊ ဦးစံသူ ဖုန်း-၅၇၈၉၂၁၊ ဦးတင်မောင်ဆန်း ဖုန်း-၅၃၄၅၇၈ နှင့် ဦးစံဌေး ဖုန်း-၅၃၅၄၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ✱ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ✱ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ✱ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ✱ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၂

ပညာရေးဝန်ကြီးဌာန ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီက ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား ကျောင်းသူများစာရင်းနှင့် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရကျောင်းသား ကျောင်းသူစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ပညာရည်ချွန်ဆု

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မသီရိအောင် (အဘ) ဦးအောင်စိုးမြင့် အထက အိုင်သပြု လေးမျက်နှာမြို့နယ်က ပထမ၊ မမေသူ အောင်(အဘ) ဦးဇော်အောင် အထက(၁) ဖျာပုံ ဖျာပုံမြို့နယ်က ဒုတိယ၊ မသီသီထွေး (အဘ) ဦးမောင်မောင်ထွေး အထက (၁၃) မန္တလေး မဟာအောင်မြေမြို့နယ်က တတိယ၊ အင်္ဂလိပ်စာဘာသာတွင် မောင်စိုးမိုးအောင် (အဘ) ဦးအောင်သာမြ အထက(၁) မြစ်ကြီးနား မြစ်ကြီးနားမြို့နယ်က ပထမ၊ မောင်ပြည့်ဖြိုးကျော်(အဘ)ဦးမြင့်လွင် အထက(၄)တောင်ကြီး တောင်ကြီးမြို့နယ်က ဒုတိယ၊ မောင်စိုင်းမြင့်အောင်(အဘ) ဦးအိုက်ကျောက် အထက(၅)တောင်ကြီး တောင်ကြီးမြို့နယ်က တတိယ၊ သင်္ချာဘာသာရပ်တွင် မသီသီထွေး (အဘ)ဦးမောင်မောင်ထွေး အထက(၁၃)မန္တလေး မဟာအောင်မြေမြို့နယ်က ပထမ၊ မောင်ဇင်လင်း (အဘ) ဦးထွန်းမြင့် အထက(၁၄) မန္တလေး ချမ်းအေးသာစံမြို့နယ်က ဒုတိယ၊ မမြတ်နိုးဇင်မြင့်(အဘ)ဦးမြင့်စိန် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်မြို့နယ်က တတိယ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာရပ်တို့တွင် မောင်ဇင်လင်း (အဘ) ဦးထွန်းမြင့် အထက(၁၄) မန္တလေး ချမ်းအေးသာစံမြို့နယ်က ပထမ၊ ပထဝီဝင်နှင့် သမိုင်းဘာသာရပ်တို့တွင် မတင်နွယ်လင်း(အဘ) ဦးတင်ဖေ အထက ပြင်ခရိုင် ငပုတောမြို့နယ်က ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မောင်ဝင်းထက်(အဘ) ဦးတင်ဝင်းအောင် အထက(၁)ရန်ကင်း ရန်ကင်းမြို့နယ် က ပထမ၊ စိတ်ကြိုက်မြန်မာစာဘာသာရပ်တွင် မောင်စသန်းထိုက်စိုး(အဘ)ဦးမန်းစံမြင့် ကျောင်းကုန်းက ပထမတို့ဖြစ်ကြသည်။

ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသည့် ၂၀၀၂ ခုနှစ်အတွက် တက္ကသိုလ် ကျောင်းသား ကျောင်းသူများမှာ မနှင်းအိခိုင်(အဘ)ဦးစိန်သန်းမောင် စစ်တွေတက္ကသိုလ်၊ မလှိုင်မမ (အဘ)ဦးမျိုးညွှန့် ရတနာပုံတက္ကသိုလ်၊ မသီရိထွန်း (အဘ) ဦးလှထွန်း မုံရွာတက္ကသိုလ်၊ မောင်ကျော်မျိုး(အဘ)ဦးကျင်သိန်း ပြည်တက္ကသိုလ်နှင့် ၂၀၀၃ ခုနှစ်အတွက် တက္ကသိုလ် ကျောင်းသား ကျောင်းသူများမှာ မောင်ကျော်ဇေလတ် (အဘ) ဦးဌေးမောင် မုံရွာတက္ကသိုလ်၊ မအေးသီခိုင် (အဘ) ဦးဘိုဘို မိုးညှင်းဒီဂရီကောလိပ်၊ မသဉ္ဇာဝင်းမြင့်(အဘ) ဦးဝင်းမြင့် ပုသိမ်တက္ကသိုလ်၊ မောင်ကျော်ဝေဖြိုး (အဘ) ဦးအောင်ကျော်ဦး မုံရွာတက္ကသိုလ်တို့ဖြစ်ကြသည်။

သက်ဆိုင်ရာဘာသာရပ်တွင် ရမှတ်တူညီနေပါက ဘာသာရပ်စုစုပေါင်း ရမှတ်သာလွန်သူကိုလည်းကောင်း၊ ဘာသာရပ် စုစုပေါင်းရမှတ် တူညီနေပါက မိဘများ၏ စီးပွားရေး အခြေအနေ၊ မောင်နှမဦးရေ အများ အနည်းအပေါ် မူတည်၍လည်းကောင်း စိစစ်ရွေးချယ်ခြင်းဖြစ်သည်။

ဆက်သွယ်သတင်းပို့

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းခံရသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဖုန်း-၅၅၄၃၁၄ သို့ အမြန်ဆက်သွယ် သတင်းပို့ကြရန်ဖြစ်ပြီး ဆုရရှိကြသူများအား ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၅ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ကျင်းပမည့် ပခုက္ကူဦးအုံးဖေ စာပေဆုချီးမြှင့်ပွဲအခမ်းအနား၌ တစ်ပေါင်းတည်း ဆုချီးမြှင့်သွားမည်ဖြစ်သည်။ အစမ်း လေ့ကျင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အမျိုးသားဓာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။ ဆုရကျောင်းသား ကျောင်းသူများအတွက် တည်းခိုနေထိုင်ရေးကို အထက(၂)ဒဂုံ မြို့မကျောင်းလမ်း၌ စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ထေရဝါဒ ဗုဒ္ဓဓမ္မဒေသနာ ပြန့်ပွားရေးအဖွဲ့က ကြီးမှူး၍ ချီကြည်သာသနာ့ဗိမာန်ကြီးတွင် အထူးတရားပွဲများကို ပြာသိုလပြည့်ကျော် ၁ ရက်တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)နှင့် ပြာသိုလပြည့်ကျော် ၂ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်တို့က ညစဉ် ၇ နာရီခွဲမှစ၍ တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကင်း စာပေနှင့်စာနယ်ဇင်း စာပေသုတဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ မြို့နယ်စာပေအဖွဲ့ဝင်များ၏ စာပေသုတဆွေးနွေးပွဲကို ယနေ့နံနက်၈နာရီက အမှတ်(၃)ရပ်ကွက် ၁၂ လုံးတန်း သဒ္ဓမ္မဘာဝိတဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ (တင်အောင်ရွှေ-သုတေသီ)က အဖွင့်အမှာစကားပြောကြားပြီး သတင်းထောက် ဦးခင်မောင်ညွှန့်(ခင်မောင်သစ်) က 'ယနေ့အနုပညာ'၊ ဦးတင်ဆွေမြင့် (သပြေဆွေမြင့်)က 'ပန်းချီနဲ့စာပေ'၊ ဒေါက်တာငွေစိုးက 'ကဗျာကောင်းဟူသည်'၊ ဒေါ်ဝင်းစိန်(မအေးချမ်း) က 'ကျွန်မ လေ့လာမိသည့် ဆောင်းပါးတချို့'၊ ဦးဖေခက်(မြေရှိုင်း) က 'အတိုဆုံးဝတ္ထုနှင့် ကျွန်တော့်အမြင်'တို့ကို ဆွေးနွေးတင်ပြသည်။ ဆွေးနွေးတင်ပြမှုအပေါ် တက်ရောက်လာသော စာပေအဖွဲ့ဝင်များက ဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားသည်။ ဆက်လက်၍ စာပေသုတ ဆွေးနွေးပွဲများကို တစ်လနှစ်ကြိမ် ပြုလုပ်သွားမည်ဟု သိရသည်။ **(က-ပ)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လို အာဂျင်တီးနား ဒုတိယသမ္မတ ထုတ်ဖော်ပြောကြား

ဗျူနိုအေရီ ဇန်နဝါရီ ၂၂

နယ်ပယ်ကဏ္ဍအမျိုးမျိုးတွင် မိမိနိုင်ငံသည် တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် မျှော်လင့်ကြောင်း အာဂျင်တီးနား ဒုတိယသမ္မတ ဒယ်နီယယ်ဆီအိုလီက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်(အင်ပီစီ)၏ အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ လီတီယင်နှင့် ဆွေးနွေးစဉ် အာဂျင်တီးနားနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် အကောင်းဆုံးအနေအထား၌ရှိကြောင်း အာဂျင်တီးနား ဒုတိယသမ္မတ ဆီအိုလီက ထုတ်ဖော်ပြောကြားသည်။

ပိုမိုတိုးတက်

နှစ်ဖက်ထိပ်တန်းခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်း၊ မဟာဗျူဟာမြောက်သော ပေါင်းဖော်ဖက်ကို ထူထောင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်များ ချုပ်ဆိုခြင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ၂၀၀၄ ခုနှစ်အတွင်း၌နှစ်နိုင်ငံကိုပိုမိုတိုးတက်ခဲ့ကြောင်း ဆီအိုလီက ပြောကြားသည်။

မိမိ၏နိုင်ငံသည် တရုတ်နိုင်ငံနှင့် ဘက်ပေါင်းစုံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လိုသည့်ပြင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုများကို လေ့လာမှတ်သားလိုကြောင်း ဆီအိုလီက ပြောကြားပြီး တရုတ်နိုင်ငံ၏ တရုတ်တစ်နိုင်ငံမူဝါဒကို ထောက်ခံကြောင်းလည်း ပြောကြားခဲ့သည်။

ချဉ်းနင်းဝင်ရောက်

တရုတ်သမ္မတ ဟူကျင်တောင်နှင့် အာဂျင်တီးနားသမ္မတ နက်စ်တာကစ်ချ်နာတို့ အပြန်အလှန်လည်ပတ်မှုအပြင် ၂၀၀၄ ခုနှစ်အတွင်း မဟာဗျူဟာမြောက်သော ပေါင်းဖော်ဖက်ကို ထူထောင်ခဲ့ခြင်းနှင့်အတူ တရုတ်–အာဂျင်တီးနား ဆက်ဆံရေးသည် အဆင့်သစ်သို့ ချဉ်းနင်းဝင်ရောက်ခဲ့ကြောင်း မစ္စတာလီက ပြောကြားသည်။

မစ္စတာလီသည် အင်ပီစီကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာ ဗျူနိုအေရီသို့ အင်္ဂါနေ့၌ ချစ်ကြည်ရေးခရီးအဖြစ် ရောက်ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ရုရှား ဂြိုဟ်တုနှစ်လုံးလွှတ်တင်

မော်စကို ဇန်နဝါရီ ၂၂

ရုရှားနိုင်ငံ၏ ပလီဆက်စ်အာကာသစခန်းမှ ကြာသပတေးနေ့က လွှတ်တင်ခဲ့သည့် ကော့စမို ၃ အမ်ဒုံးပျံသည် ရည်ရွယ်သတ်မှတ်ထားသော ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ဂြိုဟ်တုနှစ်လုံးကို ပို့ပေးခဲ့ကြောင်း အင်တာဖက်သတင်းဌာနက သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါဂြိုဟ်တုနှစ်လုံးသည် မြေပြင်နှင့် အဆက်အသွယ်တည်ငြိမ်ပြီး ကောင်းစွာလုပ်ငန်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်

ယူနီဗာဆီတက်စတီဂြိုဟ်တုကို မော်စကိုတက္ကသိုလ်က ဒီဇိုင်းရေးဆွဲပြုလုပ်ခဲ့ပြီး တက္ကသိုလ်နှစ် (၂၅၀)ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အခြားလွှတ်တင်ခဲ့သောဂြိုဟ်တုမှာ ကော့စမို ကာကွယ်ရေးဂြိုဟ်တု ဖြစ်သည်။

စရိတ်စကမကြီးသော အဆိုပါဂြိုဟ်တုသည် ကမ္ဘာ့ဂြိုဟ် သိပ္ပံကျွမ်းကျင်ပညာရှင်များ၊ နက္ခတ္တဗေဒပညာရှင်များနှင့် ရူပနက္ခတ္တဗေဒပညာရှင်များ လေ့ကျင့်သင်ကြားမှုအထောက်အကူပြုရန် ရည်ရွယ်ပြီး တက္ကသိုလ် သိပ္ပံပညာရှင်များ၊ ပါမောက္ခများနှင့် ကျောင်းသားများ အာကာသ သုတေသနပြုရန် လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ဈေးတစ်ဈေး၌ ငါးများ ရောင်းချနေသည်ကို ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။ (တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၀၅ ခုနှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။)
(ဓာတ်ပုံ–အင်တာနက်)

ခရီးသွားဧည့်သည် ရှစ်သန်းကျော် ၂၀၀၅ ခုနှစ်တွင် စင်ကာပူသို့ လာရောက်မည်မှန်း

စင်ကာပူ ဇန်နဝါရီ ၂၁

စင်ကာပူနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ခရီးသည် ၈ ဒသမ ၉ သန်းလာရောက်ရန် မျှော်မှန်းထားကြောင်း စင်ကာပူ ခရီးသွားဘုတ်(အက်စ်တီဘီ)က ကြာသပတေးနေ့က ကြေညာသည်။

ယင်းရည်မှန်းချက်သည် ၂၀၀၄ ခုနှစ်က စံချိန်တင် အောင်မြင်ခဲ့သည့် ခရီးသွားဧည့်သည် ၈ ဒသမ ၃ သန်းကို ကျော်လွန်စေမည်ဖြစ်ကြောင်း၊ ယင်းမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြထားသည်။

လာရောက်

ယမန်နှစ်က စင်ကာပူနိုင်ငံသို့ လာရောက်သော ခရီးသွားဧည့်သည် ၈ ဒသမ ၃ သန်းတွင် အာရှနိုင်ငံများမှ ခြောက်သန်းကျော်ရှိသည်။ စုစုပေါင်း လာရောက်သည့် ခရီးသွားဧည့်သည်၏ ၇၃ ရာခိုင်နှုန်းရှိသည်။

ဒုတိယအကြီးဆုံး

တရုတ်နိုင်ငံမှ ယခင်နှစ်က စင်ကာပူသို့ ခရီးသွားဧည့်သည် ၈၈၀၀၀၀ လာရောက်ခဲ့ရာ စင်ကာပူ၏ ဒုတိယအကြီးဆုံး ခရီးသွားဧည့်သည် ဈေးကွက်ဖြစ်ခဲ့သည်။ ထိုနှစ်တွင် စင်ကာပူသို့ အင်ဒိုနီးရှားမှ ခရီးသွားဧည့်သည် ၁၇၆၅၀၀၀ လာရောက်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဓာတ်ခဲထုတ်ကုန်ပစ္စည်းပြပွဲပြုလုပ်ရာတွင် ဝန်ထမ်းတစ်ဦးက ဟီတာချီမှ ထုတ်လုပ်သော မက်သနောလောင်စာရည်ဓာတ်ခဲဖြင့် မိုဘိုင်းလ်တစ်ခုအတွင်းထည့်၍ အသုံးပြုပုံ ပြသနေသည်ကို ဇန်နဝါရီ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မိုးခေါင်ဒေသနေ ကမ္ဘာ့ပြည်သူများအတွက် စားနပ်ရိက္ခာကူညီရေး အက်ဖ်အေအို မေတ္တာရပ်ခံ

နိုင်ရိုဘီ ဇန်နဝါရီ ၂၂

မိုးခေါင်သည့်ဒဏ်ခံရသော အီရီထရီယာနိုင်ငံရှိ လူသန်းများစွာအတွက် စားနပ်ရိက္ခာအကူအညီပေးရန် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က မေတ္တာရပ်ခံထားကြောင်း ကြေညာချက်တစ်စောင် ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ချက်အရ သိရှိရသည်။

မိုးခေါင်မှုနှင့် မိုးရွာသွန်းမှု နှောင့်နှေးကြန့်ကြာမှုကြောင့် အီရီထရီယာရှိ လူ ၂ ဒသမ ၃ သန်းခန့်သည် ယခုနှစ်တွင် စားနပ်ရိက္ခာအကူအညီ တန်တစ်သန်း၏ လေးပုံတစ်ပုံကျော်လိုအပ်မည်ဖြစ်ကြောင်း အက်ဖ်အေအို ကြေညာချက်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့်နှစ်နှောင်းပိုင်း၌ အီရီထရီယာနိုင်ငံ၌ ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် လွန်ခဲ့သည့် ၁၂ နှစ်အတွင်း ပျမ်းမျှစိုက်ပျိုးထုတ်လုပ်မှု၏ တစ်ဝက်ထက် လျော့နည်းကာ တန် ၈၅၀၀၀ ခန့်သာ ထွက်ရှိမည်ဟု ခန့်မှန်းခဲ့သည်။

အီရီထရီယာတွင် ဆင်းရဲမှုအဆင့်အောက် ၅၃ ရာခိုင်နှုန်းရှိပြီး လူဦးရေ ၅ သန်းနီးပါး နေထိုင်ကြသည်။ ၎င်း၏ စီးပွားရေးသည် ဝမ်းစာအဖြစ် စိုက်ပျိုးရေးကို အဓိကထားရပြီး လူဦးရေ၏ ၈၀ ရာခိုင်နှုန်းသည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ဗီယက်နမ်နှင့်မွန်ဂိုလီးယား သဘောတူညီ

ဟန်ွိုင်း ဇန်နဝါရီ ၂၁

ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုများ တိုးမြှင့်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ဗီယက်နမ်နှင့်မွန်ဂိုလီးယားနိုင်ငံတို့ သဘောတူညီကြကြောင်း ဗီယက်နမ်သမ္မတ ထရန်ဒပ်လောင်က ကြာသပတေးနေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

ဗီယက်နမ်နိုင်ငံသို့ မွန်ဂိုလီယားသမ္မတ နက်ဆာဂျင်ဘာဂါဘန်ဒီသည် ဇန်နဝါရီ ၁၉ ရက်မှ ၂၃ ရက်ထိ လာရောက်လည်ပတ်စဉ် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသို့ မွန်ဂိုလီးယား သမ္မတတစ်ဦး ယခုလာရောက်လည်ပတ်ခြင်းမှာ ဒုတိယမြောက်လည်ပတ်ခြင်းဖြစ်ပြီး ၁၉၉၄ ခုနှစ်၌ သမ္မတပီအိုချီယာဘက် ပထမဆုံး လာရောက်လည်ပတ်ခဲ့သည်။

နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ဆွေးနွေးရန်အတွက် သင့်လျော်သောအဖွဲ့အစည်းများကို တာဝန်ပေးရန် သမ္မတနှစ်ဦးက သဘောတူညီခဲ့ကြသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နှစ်နိုင်ငံကုန်သွယ်ရေး တိုးမြှင့်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အနာဂတ်တွင် အပြန်အလှန်ကုန်သွယ်မှုကို အရှိန်ရစေရန် နှစ်နိုင်ငံသည် အစွမ်းအစရှိကြောင်း၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် အခွင့်အလမ်းသာသော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို နှစ်ဖက်အဖွဲ့အစည်းများက ဖန်တီးကြမည်ဖြစ်ကြောင်း သမ္မတဘာဂါဘန်ဒီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိုင်ယာလန်နိုင်ငံနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း တရုတ်သမ္မတ ပြောကြား

ပေကျင်း ဇန်နဝါရီ ၂၀

တရုတ်နိုင်ငံသည် အိုင်ယာလန်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုပုံစံအဖြစ်ဆောင်ရွက်ပြီး အပြန်အလှန် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ပူးပေါင်း ဆောင်ရွက်မှုမျိုးကို လိုလားကြောင်း သမ္မတဟူကျင်တောင်က ပေကျင်း၌ ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

ဟူက ပေကျင်းပြည်သူ့ခန်းမကြီး၌ ဗုဒ္ဓဟူးနေ့က အိုင်ယာလန် ဝန်ကြီးချုပ် ဘာတိုင်းအေဟုန်းနှင့် တွေ့ဆုံဆွေးနွေးစဉ်အထက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားလိုက်ခြင်းဖြစ်သည်။

နှစ်နိုင်ငံဆက်ဆံရေးသည် အဆင့်မြင့်မားစွာတိုးတက်ခဲ့ကြောင်း၊ အိုင်ယာလန်နိုင်ငံ၏ အာရှမဟာဗျူဟာကို တန်ဖိုးထားကြောင်း၊ ယင်းသည် တရုတ်နှင့်ဥရောပကြားရှေ့သို့ ဆက်ဆံရေးများ တွန်းပို့နေခြင်းဖြစ်ကြောင်း ဟူကပြောကြားသည်။

တရုတ်နှင့် အိုင်ယာလန်နိုင်ငံကြား အခြေခံပဋိပက္ခများမရှိကြောင်း၊ ယင်းသည် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန် ပိုမိုဖြစ်ထွန်းစေလိမ့်မည်ဖြစ်ကြောင်း ဟူကထောက်ပြသွားသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတွင် ပါဝင်လုပ်ကိုင်ရန် အိုင်ယာလန်အသိုင်းအဝိုင်းကို ကြိုဆိုဖိတ်ခေါ်ကြောင်း၊ တရုတ်ကုမ္ပဏီများ အိုင်ယာလန်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ထူထောင်မှုများ ပြုလုပ်ရာတွင် ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နှင့် ဗင်နွှာတူ ဆက်ဆံရေးတိုးမြှင့်မည်

ပေကျင်း ဇန်နဝါရီ ၂၀

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ပြုလုပ်သွားရန်အတွက် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တန်ကျားရွှန်နှင့် ဗင်နွှာတူနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဆာတိုကယ်မင်တို့ ပေကျင်းမြို့တွင် အင်္ဂါနေ့က တရားဝင် ဆွေးနွေးမှုများ ပြုလုပ်ကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နှင့် ဗင်နွှာတူနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးမြှင့် ဆောင်ရွက်ခြင်းသည် နှစ်ဦးနှစ်ဖက်စလုံးတွင် အကျိုးသက်ရောက်မှုများ ရှိနိုင်မည်ဖြစ်ကြောင်း မစ္စတာ တန်ကျားရွှန်က ဗင်နွှာတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သူ ကယ်မင်အား ပြောကြားသည်။

ထိန်းသိမ်းရန်

ဗင်နွှာတူနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးကို အဆင့်မြင့် ဆက်သွယ်ရေးအဖြစ် တိုးတက်အောင် ပြုလုပ်ပြီး ထိန်းသိမ်းသွားကြရန်လည်း မစ္စတာ တန်က ပြောကြားသည်။

ထို့အပြင် နှစ်နိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်း ဆောင်ရွက်မှု၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် ပူးတွဲဆောင်ရွက်နိုင်မှုနှင့် ဒေသဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အဆင့်မြင့်အပြန်အလှန်ဆက်ဆံရေးများ ထူထောင်ရန်လည်း မစ္စတာ တန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကော်ဖီထုတ်လုပ်သူများ တွေ့ဆုံပွဲ

နီကာရာဂွါနိုင်ငံ မာတာဂါလ်ပါမြို့၌ ကော်ဖီထုတ်လုပ်သူများတွေ့ဆုံပွဲကျင်းပရာ စတားဘပ်ခ်နှင့် **အက်စ်ပါရန်ဇာကော်ဖီအုပ်စုတို့မှ ကိုယ်စားလှယ်များ နီကာရာဂွါနိုင်ငံထွက် ကော်ဖီ၏အရသာအား မြည်းစမ်းသောက်ကြည့်နေကြသည်ကို ဇန်နဝါရီ ၂၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

ရုရှားနှင့် ဆီးရီးယားတို့ ဆက်ဆံရေးတိုးမြှင့်ရန် ရုရှားသမ္မတပလာဒီမာပူတင် ပြောကြား

ဒမတ်စကတ် ဇန်နဝါရီ ၂၀

ရုရှားနှင့်ဆီးရီးယားနိုင်ငံတို့အပြန်အလှန်ဆက်ဆံရေးတိုးမြှင့်သွားရန် မျှော်လင့်ထားကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ပြောကြားသည်ဟု ဆီရီးယားသတင်းဌာန ဆာနာက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်သည်။

အနာဂတ်ကာလတွင် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားရေးအတွက်နောက်ဆုတ်သွားရန် မိမိတို့မည်သို့မျှပြုလုပ်လိမ့်မည်မဟုတ်ကြောင်း၊ သို့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးပွားစေရန်လည်း လိုအပ်ကြောင်း၊ လာမည့်ဇန်နဝါရီ ၂၄ ရက်၌ မော်စကိုမြို့သို့ အလည်အပတ်လာရောက်မည့်ဆီးရီးယားသမ္မတဘက်စ်ဟာအယ်အာဆတ်စ်အား ရုရှားသမ္မတ ပူတင်က အထက်ပါအတိုင်း ပြောကြားလိုက်သည်ဟု အဆိုပါသတင်းတွင်ဖော်ပြထားသည်။

ရုရှားပြည်သူများကလည်းနှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေး ကောင်းမွန်ဖြစ်ထွန်းမှုကိုတန်ဖိုးထားကြောင်း နှစ်နိုင်ငံပြည်သူများကလည်း ယင်းကဲ့သို့ဆက်ဆံရေးကောင်းမွန်မှုကိုအပြန်အလှန် ထိန်းသိမ်းသွားကြစေလိုကြောင်း အဘယ်ကြောင့်ဆိုသော် ယခုကဲ့သို့နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးတိုးမြှင့်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည်အရေးကြီးပြီး ကြီးမားသောခွန်အားတစ်ရပ်ကိုဖြစ်စေကြောင်း ဆာနာသတင်းဌာနက ဖော်ပြသည်။

ဆီးရီးယားနှင့်ရုရှားနိုင်ငံတို့သည် ယခင်နှစ်ကစီးပွားရေးကုန်သွယ်ရေးနှင့် နည်းပညာနယ်ပယ်များတွင် တိုးတက်ဖြစ်ထွန်းမှုများသိသာထင်ရှားစွာဖြစ်ပေါ်ခဲ့ကြောင်းလည်း ဆာနာသတင်းဌာနမှ ရေးသားဖော်ပြသည်။

ဆီးရီးယားနိုင်ငံ၏ စီးပွားရေးကဏ္ဍများဖြစ်သော တီရှန်စွမ်းအင်စီမံကိန်း၊ အယ်ဘတ်လုပ်ငန်းစီမံကိန်းနှင့် အယ်ဖူရက်ဆည်စီမံကိန်းအပါအဝင်စီမံကိန်း ၆၃ခု၏ တည်ဆောက်ရေးလုပ်ငန်းများတွင်ရုရှားနိုင်ငံနှင့် အတူပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံမှ ဒိန်းမတ်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းတော့မည်

စတော့ဟုမ်း ဇန်နဝါရီ ၂၀

အီရတ်နိုင်ငံတွင် ရောက်ရှိနေသော ဒိန်းမတ်တပ်ဖွဲ့ဝင်များ အနေဖြင့် လာမည့် ၁၂ လမှ ၁၈ လအတွင်း အီရတ်မှ ရုပ်သိမ်းတော့မည် ဖြစ်ကြောင်း ဘာဆာရာမြို့အနီးရှိ စစ်စခန်းမှ ဗိုလ်မှူးကြီး အီဘန်အိုလ်ဆမ်က ပြောကြားသည်။

ပြောကြား

အီရတ်တွင် နောက်ထပ် ၁၂လ မှ ၁၈လအထိ ရက်ပိုမိုကြာအောင် မိမိတို့နေထိုင်ရလိမ့်မည်မဟုတ်ကြောင်း အီရတ်တွင်ရောက်ရှိနေသော ဒိန်းမတ်တပ်ဖွဲ့မှ ဗိုလ်မှူးကြီးအိုလ်ဆမ်က ပြောကြားသည်။

တစ်ချိန်တည်းမှာပင်မိမိတို့အနေဖြင့်သတ်မှတ်ထားသော နယ်မြေများ၌ အကူအညီများ ထပ်မံပေးရန်လည်း အီရတ် ကြားဖြတ်အစိုးရအဖွဲ့က တောင်းဆိုထားကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်မြို့တွင် ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွား

ဘဂ္ဂဒက် ဇန်နဝါရီ ၂၀

ဘဂ္ဂဒက်မြို့တွင်ရှိသော နိုင်ငံရေးပါတီရုံး အဆောက်အအုံတစ်ခုကို အင်္ဂါနေ့က အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီး နောက်ဆုံးပေါ် လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်ခြင်းကြောင့်လူတစ်ဦးသေဆုံးပြီး အခြားခုနစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ သေဆုံးခဲ့သည့်သူမှာ ယင်းရုံးအဆောက်အအုံကို စောင့်ကြပ်နေသော လုံခြုံရေးဝန်ထမ်းတစ်ဦး ဖြစ်ကြောင်းလည်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အသေခံကားဗုံးခွဲတိုက်ခိုက်သူ မော်တော်ယာဉ်သည် ရုံးအနားသို့ မောင်းဝင်လာစဉ်အစောင့်များက သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်းလည်း အဆိုပါ ရုံးအဆောက်အအုံမှ အရာရှိတစ်ဦးက ပြောကြားသည်။

ကားဗုံးခွဲတိုက်ခိုက်ခံရသည့် ပါတီရုံးအဆောက်အအုံ၏ အကြီးအကဲဖြစ်သူသည် လာမည့်ဇန်နဝါရီလ ၃၀ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် အောင်ပွဲခံရန် ထောက်ခံမှုရရှိနေသူတစ်ဦးလည်း ဖြစ်သည်။

အီရတ်ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများတွင် ပြုလုပ်မည်ဖြစ်ရာ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်လာနိုင်ကြောင်းလည်း သိရသည်။ ပြီးခဲ့သည့် တနင်္လာနေ့ကလည်း ဘေဂျီမြို့တွင် ကားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ လူ ၁၀ဦး သေဆုံးပြီး လူ ၁၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ကျူးဘားနှင့် အယ်လ်ဂျီးရီးယား နှစ်နိုင်ငံ စာချုပ်

ဟားဗားနား ဇန်နဝါရီ ၂၀

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ကျူးဘားနှင့် အယ်လ် ဂျီးရီးယားနိုင်ငံတို့ သဘောတူစာချုပ်ကို ဟားဗားနားတွင် ဗုဒ္ဓဟူးနေ့က လက်မှတ်ရေးထိုးချုပ်ဆိုကြကြောင်း ကျူးဘားနိုင်ငံထုတ် နေ့စဉ်သတင်းစာ ဂရန်မာ၌ သတင်းဖော်ပြသည်။

အဆိုပါ သတင်းဖော်ပြချက်အရ ကျူးဘားနိုင်ငံသည် စစ်သင်္ဘောတည်ဆောက်ရေး၊ နည်းပညာအထောက်အကူပေးရေးအပြင် စီးပွားရေးနှင့် သိပ္ပံနယ်ပယ်တွင် အယ်လ်ဂျီးရီးယားနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ အဆိုပါ သဘောတူချက်ကို ကျူးဘားငါးဖမ်းလုပ်ငန်းဝန်ကြီးအယ်လ် ဖရက်ဒ် ဒိုလိုပက်ဇ်နှင့် အယ်လ်ဂျီးရီးယား ငါးဖမ်းလုပ်ငန်းဝန်ကြီး စမေးလ်မီမော်နီတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့ပြင် ၂၀၀၂ခုနှစ် မတ်လ၌ ကျင်းပခဲ့သော အစိုးရအဖွဲ့ချင်း ဆိုင်ရာကော်မရှင် အစည်းအဝေး၌ လက်မှတ်ရေးထိုးခဲ့သည့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူချက် အခြေခံဖွဲ့စည်းမှုအတွင်း နှစ်နိုင်ငံ၏ ဆောင်ရွက်အောင်မြင်မှုများကို ဝန်ကြီးနှစ်ဦးက ချီးကျူးပြောဆိုကြောင်းလည်း သတင်းစာက ဆက်လက်ဖော်ပြခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကန့်ကွက်ဆန္ဒပြ

ဝါရှင်တန်မြို့လယ်ကောင်ရှိ ကက်ပီတော်လ် အဆောက်အအုံ အနီး၌ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ အီရတ်စစ်ပွဲလုပ်ရပ်အပေါ် ဆန့်ကျင်ကန့်ကွက် ဆန္ဒပြသူများအား ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ငရဲကြီးလိမ့်မယ်

❖ ဘေးကနေ ထင်ရာပြော
အဟောတော့ လွယ်သည်။ ။
❖ 'ဝါရင့်'တွေ ဇရာထောင်း
'အကြား'မကောင်း၊ 'အမြင်'ကမကြည်။ ။
❖ နိုင်ငံရေး အတွေးအခေါ်ဟူသည်
ခေတ်နဲ့အညီ ပြောင်းရွှေ့သွား။ ။
❖ အတွေးဟောင်းတွေနဲ့
ဘေးတစောင်း နေရာယူလို့
ဆရာတစ်ဆူပမာ အမြဲဖြီးနေကြရင်
ငရဲကြီးလိမ့်တကား။ ။

တောကျော် (ထားဝယ်)

ပြည်သူလူထုလူနေမှုဘဝမြင့်မားရေးလက်တွေ့အကျိုးပြု ပြည်သူယုံကြည်ကိုးစားမှုရှိရေးနယ်မြေဖွံ့ဖြိုးရေး၌တိုးမြှင့်ပါဝင်

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦးသည် ဇန်နဝါရီ၁၆ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်း ဟင်္သာတမြို့ ဆည်မြောင်းရိပ်သာ၌ ဌာနဆိုင်ရာများ၊ ဟင်္သာတခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားသည်။

အလှူငွေများပေးအပ်

အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ထွေးဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊အမျိုးသားရေးအသင်းကြီးဖြစ်သောပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ငန်းစီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသအလိုက်ဖွံ့ဖြိုးမှုရှိအောင် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူလူထု၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် လုပ်ငန်းများ၊ လက်တွေ့အကျိုးပြုလုပ်ငန်းများတွင် အသင်းဝင်များအနေဖြင့် ပါဝင် ဆောင်ရွက်လျက်ရှိနေကြောင်း၊ အသင်းဝင်များ အနေဖြင့် ယုံကြည်ချက်၊ ခံယူချက်စွဲမြဲခိုင်မာပြီး အရည်အချင်းပြည့်ဝသော အရေအတွက်ဖြစ်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုဖြင့် မိမိနယ်မြေဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် တိုးမြှင့်ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အသင်းကြီးက ချမှတ်ထားသော ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားပြီး ရပ်မိရပ်ဖများနှင့် အသင်းဝင်များ၏ ဆွေးနွေးချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးကာ နယ်မြေဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓမ္မဗျူဟာပရိတ်တော်ကျင့်စဉ်သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ အမှတ် ၆ ကြားတောရလမ်းရှိ ဓမ္မဗျူဟာသာသနာမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းတွင် ပါရမီကျင့်စဉ် သင်တန်းနှင့် ပရိတ်တော်ကျင့်စဉ် သင်တန်းများကို သင်ကြားမည်ဖြစ်သည်။

ပါရမီကျင့်စဉ် သင်တန်းကို ဇန်နဝါရီ၂၂ ရက်မှ ဖေဖော်ဝါရီ၂၇ ရက်အထိ (စနေ၊တနင်္ဂနွေနေ့တိုင်း) နံနက် ၉ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ ပရိတ်တော်ကျင့်စဉ်သင်တန်းကို မွန်းလွဲ ၁၂နာရီခွဲမှ ၂ နာရီခွဲအထိလည်းကောင်း ပို့ချမည်ဖြစ်သည်။

ထို့ပြင် အဘိဓမ္မာသင်ယူပြီးသူများအတွက် သံယုတ်မြန်မာပြန် သင်တန်းများကို (စနေ၊တနင်္ဂနွေနေ့တိုင်း) နံနက် ၈ နာရီမှ ၁၁ နာရီခွဲအထိ နိဒါနဝဂ္ဂ၊ ခန္ဓဝဂ္ဂ၊ သဠာယတနဝဂ္ဂ၊ မဟာဝဂ္ဂသင်တန်းများဟူ၍ ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော ဓမ္မမိတ်ဆွေများ ဖုန်း-၃၈၀၈၈၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ညောင်ပင်သာဆရာတော် တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၂

အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာကြီး၏ ပဓာနနာယက မိုးကုတ်အဖွဲ့ချုပ်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးမာလာစာရ(ဓမ္မာစရိယ) အရှင်သူမြတ်သည် ဇန်နဝါရီ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ပန်းတနော်မြို့ ဂျိုးအိုင်ကျေးရွာ ရွာဘုံအလှူတရားမဏ္ဍပ်၌လည်းကောင်း၊ ၂၇ရက် ညတွင် ဒဂုံမြို့သစ် (၁၀၅)ရပ်ကွက် သာသနဝိသုဒ္ဓိကျောင်းတိုက်၌လည်းကောင်း၊ ၂၈ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ ခေ့ဖြူမြို့ သုံးထပ်ကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာ၌လည်းကောင်း မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပာဒ်တရားတော်များ ဟောကြားမည်ဟုသိရသည်။ **(က-ပ)**

တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပရာ မြို့နယ် ဘက်စုံထူးချွန်ဆုရသတ္တမတန်းမှ မမြတ်မြတ်မွေးအား ကျောင်းအုပ် ဆရာကြီး ဦးမြင့်သိန်းက ဆုချီးမြှင့်စဉ်။ (၁၁၅)



နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူလေးများ ပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြဂုဏ်ပြု ဖျော်ဖြေကြသည်။

ယှဉ်ပြိုင်

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ကိုယ်စားပြုစစ်တီးဝိုင်း၊ အမှတ်(၃) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြုစစ်တီးဝိုင်း၊ အမှတ်(၁၀၁) ခြေမြန် တပ်မဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၁)နှင့် အမှတ် (၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ယှဉ်ပြိုင်ရာတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၁)က အောင်လံလွှင့်မယ့်ဒို့တပ်မတော်၊ စံပြဒို့တပ်မတော်၊ မြန်မာအာဇာနည်စစ်ချီတေးများဖြင့်လည်းကောင်း၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ကိုယ်စားပြုစစ်တီးဝိုင်းက ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ဒို့စစ်သည်၊ မျိုးမြန်မာပြည်ရွာစစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၃) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြုစစ်တီးဝိုင်းက ဒို့စစ်သည်၊ ရဲသွေးရဲမာန်၊ ပြည်သူ့သားကောင်းစစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းက မြန်မာဒို့ရဲ့တပ်မတော်၊ဘာမထီအာဇာနည်၊ ရဲသွေးရဲမာန် စစ်ချီတေးများဖြင့် လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က ပြည်သူ့သားကောင်း၊ ဒို့စစ်သည်၊ မျိုးမြန်မာပြည်ရွာစစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက မြန်မာဒို့ရဲ့တပ်မတော်၊ မျိုးမြန်မာပြည်ရွာ၊ အမျိုးချစ်ဇာနည် အောင်စစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ဆက်လက်၍ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ အဖွဲ့ဝင် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက အလှသရုပ်ပြ ဖျော်ဖြေကြသည့် အလုံမြို့နယ် အမှတ်(၄)အခြေခံပညာထက်တန်းကျောင်းနှင့် တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ ကျင်းပသည့် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

တမံအမျိုးအစားမှာ မြေသားတမံဖြစ်၍ တမံအမြင့်မှာ ၁၁၈ပေဖြစ်ပြီး တမံအလျားမှာ ပေ၂၄၀၀ ရှိသည်။ တမံတည်ဆောက်လိုက်သည့်အတွက် ကန်ရေပြည့် ဧကပေ၃၂၉၀၀ သိုလှောင်နိုင်မည်ဖြစ်သည်။
ကန်ရေသေ ရေလှောင်ပမာဏသည် ဧကပေ ၇၃၀၀ဖြစ်သည့်အတွက် ကန်ရေပြည့်လာချိန်တွင် ကန်အတွင်း၌ ရေပြင်ကျယ်ဧရိယာသည် ဧကပေ ၁၃၄၀ ရှိမည်ဖြစ်သည်။

လယ်ယာမြေကို ရေပေးရန်အတွက် ရေထုတ်ပြွန်တည်ဆောက်ရာတွင် သံကူကွန်ကရစ်အမျိုးအစားတည်ဆောက်ပြီး အမြင့်ခြောက်ပေ၊ အကျယ်လေးပေ တစ်ပေါက်ဖြစ်၍ ရေထုတ်ပြွန်မှထုတ်လုပ်နိုင်မည့် ရေစီးနှုန်းမှာ တစ်စက္ကန့်လျှင် ကုဗပေ၁၅၀ရှိမည်ဖြစ်သည်။ ပဒဲချောင်းအတွင်းသို့ စီးဝင်ရေသည် မိုးများသောကြောင့် ပိုလျှံလာခဲ့လျှင် တမံကြီးအား မထိခိုက်စေရန် တည်ဆောက်သော ရေပိုလွှဲကို Broad Crested အမျိုးအစား တည်ဆောက်ထားပြီး ပေ၁၅၀ ကျယ်သော ရေပိုလွှဲ တည်ဆောက်ထားကြောင်းသိရသည်။

တိုးတက်ပြောင်းလဲ

ပဒဲရေလှောင်တမံ တည်ဆောက်လိုက်ခြင်းဖြင့် ဒေသတွင်းရှိ လယ်မြေယာမြေများကို နွေရာမိုးပါ စိုက်ပျိုးရေပေးနိုင်မည်ဖြစ်သည်။ ဒေသခံ ဆန်ဖူလုံရေးကို အထောက်အကူပြုမည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလျက်ရှိကြသည်။ ဆည်မြောင်းတည်ဆောက်ရန် လမ်းများဖောက်လုပ်ရခြင်းကြောင့် ဒေသပြည်သူများ သွားရေးလာရေး ယခင်ကနှင့်မတူ ထူးခြားစွာ တိုးတက်ပြောင်းလဲလာခဲ့သည်။

(၁၇၀)မြောက် ဆည်တမံ

ပဒဲရေလှောင်တမံကို နိုင်ငံတော်က ခန့်မှန်းကုန်ကျငွေ သန်းပေါင်း ၁၈၀၀ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ရာ အဓိကလုပ်ငန်းများဖြစ်သည့် ပင်မရေလှောင်တမံ တည်ဆောက်ခြင်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းတို့ကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။ ပဒဲရေလှောင်တမံကို ဆောလျင်စွာပြီးစီးနိုင်ရန်အတွက် အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသောကြောင့် မကြာမီသော ကာလအတွင်း (၁၇၀)မြောက် ဆည်တမံအဖြစ် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူရှင်များအားဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၂၂

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ (၄၃)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော် အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်က ကျေးဇူးတင် ဂုဏ်ပြုစကားပြောကြားသည်။ ဆက်လက်၍ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက ပွဲတော်တွင် ပါဝင်ခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များ၏ အမည်စာရင်းနှင့် လှူဒါန်းငွေစာရင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ လူမှုဆက်ဆံရေးမှူး ဒေါ်မြင့်မြင့်စန်းက ဖတ်ကြားတင်ပြသည်။နှင်းဆီကုန်း ဘိုးဘွားရိပ်သာ (၄၃)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော်တွင် အလှူရှင် ၇၂ဦးတို့က ငွေ ၇၂၅၂၇၃ ကျပ် ပါဝင်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်၏ရိက္ခာငါးကဏ္ဍထုတ်လုပ်မှုပြည့်မီအောင်မြင်ရေး မွေးမြူဆောင်ရွက်မှုသွက်လက်ထက်မြက်စွာအကောင်အထည်ဖော်

ရန်ကုန် ဇန်နဝါရီ ၂၂

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုဇွန်လုပ်ငန်းဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုဇွန်လုပ်ငန်းဦးစီးဌာနတို့၏ ပြည်နယ်၊ တိုင်း၊ ခရိုင် ဦးစီးဌာနမှူးများနှင့် မွေးမြူရေးစခန်းတာဝန်ခံများ တက်ရောက်ကြသည်။

အကောင်အထည်ဖော်

ရှေးဦးစွာ နံနက်ပိုင်းတွင် ငါးလုပ်ငန်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကိုကျင်းပရာ သဘာပတိ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိုင်ငံတော်၏ ရိက္ခာငါးကဏ္ဍထုတ်လုပ်မှုနှင့် နိုင်ငံခြားငွေရှာဖွေရေး ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေး၊ မွေးမြူဆောင်ရွက်မှုလုပ်ငန်း သွက်လက်ထက်မြက်စွာ အကောင်အထည်ဖော်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ပြည်နယ်၊တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးများက လုပ်ငန်းလျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မှု၊ နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်၍ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် သုတေသနကဏ္ဍ၊ အင်း၊ အိုင် ဆောင်ရွက်မှုကဏ္ဍအလိုက် တင်ပြကြရာ တင်ပြချက်များအပေါ် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက ဖြည့်စွက်တင်ပြသည်။

ဖြည့်စွက်တင်ပြ

မွန်းလွဲပိုင်းတွင် ပုဇွန်လုပ်ငန်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပုဇွန်လုပ်ငန်းဦးစီးဌာန ပြည်နယ်၊ တိုင်း၊ ခရိုင်ဦးစီးဌာနမှူးများက ပုဇွန်နှင့်ပုဇွန်ထွက်ပစ္စည်း တိုးတက်ထုတ်လုပ်မည့်အခြေအနေ၊ ပုဇွန်ရည်ထုတ်လုပ်မှုလျာထားချက်ပြည့်မီအောင် ဆောင်ရွက်သွားမည့်အခြေအနေနှင့် သီးနှံစိုက်ခင်းများအတွင်း ပုဇွန်မွေးမြူမှု တိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို တင်ပြကြပြီး ပုဇွန်လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေက ဖြည့်စွက်တင်ပြသည်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက်၇၅နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ ထူးချွန်သူ ပုဂ္ဂိုလ်ကျော်ဂုဏ်ပြုပွဲနှင့် မြို့ဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း (ဗဟန်း၃လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မြို့နယ်အသင်းသူ အသင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲ အတွက် အပူဇော်ခံမည့် အသက် ၇၅နှစ်နှင့်အထက် အသင်းသူ အသင်းသားများသည်လည်းကောင်း၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူး ရရှိသူများသည် လည်းကောင်း ဖေဖော်ဝါရီ ၂ရက် နောက်ဆုံးထား၍ ဦးစိုးညွန့် ဖုန်း-၂၂၄၅၈၀၊ ဦးကျော်ခိုင် ဖုန်း-၂၄၆၁၄၀၊ ဦးမြင့်ကြည် ဖုန်း-၂၂၁၀၁၇၊ ဦးစန်းအောင် ဖုန်း-၆၆၄၆၀၇၊ ဦးကြိုင်မြင့် ဖုန်း-၂၉၅၉၈၈၊ ဦးကျော်စိုး ဖုန်း-၀၉-၅၀၀-၁၄၂၆ နှင့် ဒေါ်ဉ ဖုန်း-၀၉-၈၀-၃၃၉၁၅ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

တတိယအကြိမ် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၁) ရပ်ကွက် သဟာပုညကာရီ သံဃဒါနတန်ဆောင် ဆွမ်းလောင်းအသင်းက တတိယအကြိမ် ဓမ္မသဘင်ကို ဇန်နဝါရီ ၂၅ရက်မှ ၃၀ရက်အထိ ညစဉ် ၇နာရီတွင် တရားဟောကြားမည်ဖြစ်ရာ အရှင်ကောသလ္လ (ဓမ္မစေတီဆရာတော်)၊ အရှင်ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)၊ အရှင်ဇဝန (မေတ္တာရှင် ရွှေပြည်သာဆရာတော်)၊ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရဆရာတော်)၊ အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာဆရာတော်)နှင့် အရှင်ဆေကိန္ဒ (ဓမ္မဒူတဆရာတော်) တို့ကနိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟောကြားမည်ဖြစ်သည်။ **(၃၅၂)**

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁-၁-၂၀၀၅) ရက်မှ (၂၇-၁-၂၀၀၅) ရက်အထိ

MICT Park၊ ရန်ကုန်မြို့။

တိပိဋက=နိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့နှစ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီး ဖွဲ့စည်းတော်မူခဲ့သော တိ=နိ (ပင်မ) အဖွဲ့၊ တိ=နိ ရန်ကုန်ဌာန၊ မန္တလေးဌာန၊ စစ်ကိုင်းဌာန၊ ပြင်ဦးလွင်(အနီးစခန်း)ဌာန စာအုပ်စာပေမော်ကွန်း၊ အနုပညာအဖွဲ့၊ သုဘဒ္ဒါအဖွဲ့ အမှုဆောင်များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအကျိုးတော်ဆောင်များ တစ်ဖွဲ့လျှင် နှစ်ဦးစီဖြင့် (၂၂)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးကြီးကို ဆရာတော်ပျံလွန်တော်မူသည့် (၁၂)နှစ်ပြည့်မြောက် အထိမ်းအမှတ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖေဖော်ဝါရီ ၆ရက် အရောက်ကြွရောက်၍ ၇ရက်၊ ၈ရက်တွင် အမှတ် ၁၂ စကားဝါလမ်း တိပိဋကကျောင်းတော်၌ အစည်းအဝေး ကျင်းပမည်ဖြစ်ရာ မပျက်မကွက်ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅

(ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

၀၈း၃၀	-	ဖွင့်ပွဲအခမ်းအနား
၁၀း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၁၀း၀၀-၁၂း၀၀	-	ICT Product Presentation
၁၀း၀၀-၁၇း၀၀	-	ICT Competitions
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	ICT Competitions
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၇း၀၀	-	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀-၁၆း၀၀	-	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	-	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	-	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်။)

MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်။

လေ့လာကြည့်ရှု

ဇန်နဝါရီ ၂၂ရက်က စတုတ္ထအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ်-၂၀၀၅ အကြိုခင်းကျင်းပြသလျက်ရှိသော EPSON ပြခန်းမှ ပစ္စည်းများကို လေ့လာကြည့်ရှုကြစဉ်။

(မြန်မာ့အလင်း)

ဇန်နဝါရီ ၂၁ရက်က လှိုင်မြို့နယ် MICT Park ၌ ပြုလုပ်သည့် စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်-၂၀၀၅ အကြိုခင်းကျင်းပြသထားသော Smart Computer Technology ပြခန်း၌ ပြပွဲလာပရိသတ်များ ကြည့်ရှုလေ့လာကြစဉ်။ (က-ပ)

ပျဉ်းမနားမြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်

ပျဉ်းမနား ဇန်နဝါရီ ၁၀

ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော ကျွန်းရောင်းအုပ်စု၊ သာယာစုကျေးရွာ အမှတ်(၁၅၀) အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ၃၀ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင်အခြေခံပညာမူလတန်းကျောင်းဆောင်သစ်အား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူးက ကျောင်းဆောင်သစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။**(က-ပ)**

ကော့သောင်းမြို့ ကျေးလက်စက်ရေတွင်းနှင့် လမ်းသစ်ဖွင့်ပွဲကျင်းပ

ကော့သောင်း ဇန်နဝါရီ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးမျိုးမြင့်သည် ဇန်နဝါရီ ၁၁ ရက်က တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ရောက်ရှိပြီး ကျေးလက်ရေပေးရေး စက်ရေတွင်းဖွင့်ပွဲနှင့် မြို့ပြကတ္တရာလမ်းဖွင့်ပွဲများသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်လင်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးတင်စိုးတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းမှာ လေးလက်မ စက်ရေတွင်း အမျိုးအစားဖြစ်ပြီး အနက် ၉၅ပေ၊ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၂၀၀ဖြစ်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ်၁၃၄၇၆၀၀ဖြင့်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ စက်ရေတွင်း တူးဖော်ပေးခဲ့ခြင်းကြောင့် ဆယ်မိုင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်သည်။

မြရည်ပုလဲလမ်း ကတ္တရာလမ်းသစ်ဖွင့်

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မြရည်ပုလဲလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ ရောက်ရှိရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ထွန်းတို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါလမ်းမှာ အရှည် သုံးမိုင်၊ သုံးဖာလုံအနက် အရှည် ပေ ၃၃၆၀၊ အကျယ် ၁၈ပေ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းဖြစ်ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ်၅၆၂၅၂၀၀၊ ကတ္တရာ ၂၂တန်၊ စုစုပေါင်းအဖွဲ့ ရန်ပုံငွေကျပ် ၁၁၁၂၅၂၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

ကျောက်ဖြူမြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့်

ကျောက်ဖြူ ဇန်နဝါရီ ၅

ကျောက်ဖြူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး အတွက်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက်က ကျောက်ဖြူမြို့နယ် ဦးကင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်ပွဲကို အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်ဖြူခရိုင်ရုံး ဦးစီးအရာရှိ ဦးခင်မောင်လှနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းနုတို့က ဦးကင်း ကျေးရွာ ကိုယ့်အားကိုယ့်ကိုး ရောင်ခြည်ဦးစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲပြသ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

မအူပင် ဇန်နဝါရီ ၅

မအူပင်မြို့နယ် ကရံနတ္တော်ကျေးရွာ ဆရာကြီးဟံညွန့် အမှတ်တရမြတ်ဆရာစာကြည့်တိုက်တွင် ဟေမာန်ဦးနံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် မြတ်ဆရာစာကြည့်တိုက်နာယက ဦးစိုးတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

လက်ခံရယူ

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်နာယကဦးစိုးတင့်က လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၅၃၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ကိုယ့်အားကိုယ်ကိုး သုတရတနာစာကြည့်တိုက်ဖွင့်

နွားထိုးကြီး ဇန်နဝါရီ ၁၁

ကျေးလက်ဒေသနေပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် သုတရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက်၉နာရီက နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ အုပ်ချုပ်ရေးရုံး အဆောက်အအုံသစ်ခန်းမရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ သုတရတနာစာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးလှမြင့်နှင့် ကျေးရွာစည်းရုံးရေးမှူးဦးကျော်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး**(အောက်ပုံ)** မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေနှင့် မြို့နယ်ဦးစီးမှူးဦးလှမြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးဦးလှမြင့်နှင့် အလှူရှင်များ လှူဒါန်းသော စာအုပ်မျိုးစုံကို စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဝင်ဦးညွန့်ဝင်းသို့ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(၂၁၃)**

ဖွံ့ဖြိုး စည်ပင် ကျေးလက် တစ်ခွင်

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဂု… မြင်းမူမြို့နယ်၌ကျေးလက်စက်ရေတွ…

မြင်းမူ ဇန်နဝါရီ ၁၃

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းမူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ … စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက်က ကန်ဆွယ်ကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ကျော်သူက စက်ရေတွင်းနှင့် ပတ်သက်၍ ရှင်းလ… စက်ရေတွင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးစံငွေ၊ အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် ရေတွင်းကော်မတီဥက္ကဋ္ဌ… ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စက် ရေတွင်းကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ စက်ရေတွင်းသည် ၄ လက်မ၊ မိုနိုစက်ရေတွင်းအမျိုးအစားဖြစ်ပြီး အဆိုပါစက်ရေတွင်းကို စ… အဖွဲ့မှ ငွေကျပ် ၇၉၃၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ပြီး ထွက်နှုန်း၁နာရီ ၂၄၀၀ဂါလန် ထွက်ရှိရာ ကျေ… သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ် ရုံးကြီးလမ်းကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကျင်းပ
ကျပ်သိန်း ၁၈၀ အကုန်အကျခံဆောင်ရွက်၊ ပြည်သူများအလွယ်တကူသွားလာနိုင်ပြီ

မုံရွာ ဇန်နဝါရီ ၁၅

မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ရုံးကြီးလမ်း ကတ္တရာလမ်းတိုးချဲ့ခြင်းနှင့် ရေပိတ်ကတ္တရာလောင်းခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်ပိုင်းက ရုံးကြီးရပ်ကွက်ရုံးကြီးလမ်းရှိ မုခ်ဦးမဏ္ဍပ်တွင်ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာမုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးက ရုံးကြီးလမ်း ကတ္တရာလမ်းသစ်တိုးချဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ရုံးကြီးရပ်ကွက် ရုံးကြီးလမ်းအား စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေ၊ မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီးမျိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အလွယ်တကူသွားလာနိုင်

ရုံးကြီးရပ်ကွက် ရုံးကြီးလမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး အရှည်ပေ ၂၅၁၀၊ အကျယ်ပေ ၄၀ ရှိသည်။ ရုံးကြီးလမ်းဖောက်လုပ်ပြီးစီးမှုကြောင့် ရုံးကြီးရပ်ကွက်နေ ပြည်သူများ အလွယ်တကူ သွားလာနိုင်ကြပြီဖြစ်သည်။

ရုံးကြီးလမ်းဖောက်လုပ်မှုအတွက် စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု
တာချီလိတ်မြို့ ပုန်းထွန်ကတ္တရာလမ်းနှင့် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

တာချီလိတ် ဇန်နဝါရီ ၁၄

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့နှင့် တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ဆောင်ရွက်ပြီးစီးသော တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ပုန်းထွန်ကတ္တရာလမ်းသစ်နှင့် ပုန်းထွန်(မထသ)ဂိတ်မှ ဟွေနမ့်လင်း(လွယ်တော်ခမ်းတံတား)အထိ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၃ရက် နံနက်၉နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်က လမ်းလုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပုန်းထွန်ရပ်ကွက် ပုန်းထွန်လမ်းမှာ အရှည်ပေ ၉၀၀၊ အကျယ်၁၂ပေ၊ ကုန်ကျငွေကျပ် ၄ ဒသမ ၃၈၈သန်းနှင့် ပုန်းထွန်(မထသ)ဂိတ်မှ ဟွေနမ့်လင်း-(လွယ်တော်ခမ်း)တံတားအထိ ကျေးလက်ကျောက်ချောလမ်းမှာ အရှည်ပေ ၃၄၀၀၊ အကျယ် ၁၂ပေ၊ ကုန်ကျငွေကျပ် ၁၁ ဒသမ၈၃၂ သန်း ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ စုစုပေါင်း ကျပ် ၁၆ ဒသမ ၂၂ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လွယ်ကူချောမွေ့စွာ သွားလာနိုင်

အဆိုပါ မြို့ပြကတ္တရာလမ်းနှင့် ကျေးလက်ကျောက်ချောလမ်းဆောင်ရွက် ပြီးစီးသည့်အတွက် ပြည်သူများ ရာသီမရွေး လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

...်ရေးနေ့ဂုဏ်ပြု
...က်ရေတွင်းဖွင့်

...စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသ ...တွင် ကျင်းပသည်။

...နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ...င့် ရေတွင်းကော်မတီဥက္ကဋ္ဌ ဦးဆေးတို့က **...အပေါ်ပုံ)**

... အဆိုပါစက်ရေတွင်းကို စည်ပင်သာယာရေး ...၀၀ဂါလန် ထွက်ရှိရာ ကျေးရွာပြည်သူများ **(၁၆၇)**

တန့်ယန်းမြို့နယ်၌ ဝိန်းလောင်း ကတ္တရာလမ်းသစ်ဖွင့်
ငွေကျပ် ၄၁ သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့

တန့်ယန်း ဇန်နဝါရီ ၁၈

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အမှတ်(၆)ရပ်ကွက် ဝိန်းလောင်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၂ရက်က အဆိုပါလမ်းမုခ်ဦးရှေ့တွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် တန့်ယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးညွန့်ဝေက ကတ္တရာလမ်းသစ် ဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရပ်ကွက် ပြည်သူများကိုယ်စား ဦးစိုင်းခန်းစုံက ကတ္တရာလမ်းသစ်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဝိန်းလောင်း ကတ္တရာလမ်းသစ်အား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံရွှေအောင်နှင့် အမှတ်(၆)ရပ်ကွက် ပြည်သူများကိုယ်စား ဦးခင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းမပေါ်ဖြတ်သန်းကြည့်ရှုကြသည်။ **(ယာပုံ)**

အဆိုပါ ကတ္တရာလမ်းသစ်မှာ အလျားပေ၁၇၂၀၊ အကျယ်၁၂ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ကျပ် ၂၁၉၇၀၀၀၊ ပြည်သူများက ထည့်ဝင်ငွေကျပ် ၂၀၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၄၁၉၇၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ရုံးဝင်ပတ်လမ်းကတ္တရာခင်း

ပေါင် ဇန်နဝါရီ ၂၀

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ ရာ ဇန်နဝါရီ ၂၀ ရက်က ရုံးဝင်ပတ် လမ်းကတ္တရာခင်းခြင်းလုပ်ငန်း အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ ပေါင်မြို့ ဝီရိယလမ်းကတ္တရာခင်းခြင်း လုပ်ငန်းပေအရှည် ၅၈၀၊ အကျယ် ၁၂ ပေ မိုးနှိုင်းရပ်ကွက် သောက်သုံးရေကန် နှစ်ကန်ပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ပလင်ါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လှေ့လာစို့

ဇန်နဝါရီ ၁ ရက်က ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သည့် ရမ်းဗြဲမြို့နယ် ရမ်းဗြဲ-ကျောက်နီမော်လမ်းပေါ်ရှိ ပုန်းဆိုးပြိန် ကျောက်တိုင်ခံသစ်သားတံတား ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ (မြို့နယ် ပြန်/ဆက်)

လပွတ္တာမြို့နယ်တွင် ကတ္တရာထပ်ပိုးလွှာခင်း

လပွတ္တာ ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေနှင့် အထက(၂) ကျောင်းရှေ့လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

သွားဘက်ဆိုင်ရာ ဆရာဝန်များညီလာခံကို ဂုဏ်ပြုကြိုဆိုပါသည်

ဒေါက်တာ ကျော်ညွန့်

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်များအသင်း ညီလာခံကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်မှ ၂၉ ရက်နေ့အထိ လေးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပါသည်။ ယခုနှစ် သွားဘက်ဆိုင်ရာ ဆရာဝန်များညီလာခံသည် သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း စတင်ဖွဲ့စည်းတည်ထောင်ပြီးသည်မှ သက်တမ်း(၂၅) နှစ်ပြည့်မြောက်ခဲ့သည့် နှစ်ဖြစ်သဖြင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန် အသင်း၏ ငွေရတုအထိမ်းအမှတ် ညီလာခံကြီးဖြစ်သည်။ ထို့အတူ FDI အဖွဲ့ကြီးမှလည်း (၆)ကြိမ်မြောက်အဖြစ် မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ပူးတွဲညီလာခံကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ အသင်းအမှုဆောင်များအနေဖြင့် ငွေရတုညီလာခံဖြစ်သည့်အားလျော်စွာ ထူးခြားဆန်းပြား စည်ကားသိုက်မြိုက် အောင်ကျင်းပနိုင်ရေးအတွက် အထူးကြိုးစား ဆောင်ရွက်လျက်ရှိသည်။ FDI အဖွဲ့မှ အဖွဲ့ဝင် သွားနှင့်ခံတွင်းဆိုင်ရာ ပညာရှင်များ ၁၀ ဦးခန့်သည် ညီလာခံသို့ လာရောက်၍ သွားဘက်ဆိုင်ရာ ပညာရပ်များနှင့် ပတ်သက်သည့် နည်းပညာ သစ်များ ဖြန့်ဖြူးဆွေးနွေးပေးမည်ဖြစ်သည်။

ဆွေးနွေးမည့် ဘာသာရပ်တွင် ကလေးသွားကျန်းမာရေး(Paedodontic)၊ သွားအလှပြုပြင်ရေး (Aesthetic dentistry)၊ မေးရိုးခံတွင်း ခွဲစိတ်ခြင်း ပညာရပ်များ (oral & Maxillo Facial Surgery)၊ သွားများ ညီညာလှပအောင် ပြုပြင်ကုသခြင်း (orthodontic) နည်းပညာများ ပါဝင်မည်ဖြစ်သည်။ ၎င်းအပြင် မြန်မာနိုင်ငံမှ သွားဘက်ဆိုင်ရာ ဆရာဝန်များကလည်း မိမိတို့လုပ်ငန်းအတွင်း တွေ့ရှိချက် အသစ်အဆန်း သုတေသနပြု ဆောင်ရွက်ထားမှု စာတမ်းများလည်း ဖတ်ကြား ကြဦးမည်ဟု သိရှိရာ အသင်းဝင် သွားဘက်ဆိုင်ရာ ဆရာဝန်များ အနေဖြင့် ကြိုးစားတက်ရောက်ကြပါက ခေတ်မီနည်းပညာများ၊ နည်းစနစ်များ၊ ကုထုံးများကို တိုးတက်နေသော ခေတ်နှင့်အညီ လိုက်ပါသိရှိ သဘောပေါက်နိုင်ပြီး ပြည်သူလူထု သွားကျန်းမာရေး စောင့်ရှောက်မှုအတွက်လည်း အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်မည် ဖြစ်ပေသည်။

ကျန်းမာရေးဦးစီးဌာနလက်အောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ညီလာခံတက်လိုသူ သွားဘက်ဆိုင်ရာဆရာဝန်များအတွက် ညီလာခံတက်ရောက် နေသည့် ကာလအတွင်း အထူးရှောင်တခင်ခွင့်ဖြင့် ခံစားတက်ရောက်နိုင်ရန် ကျန်းမာရေးဦးစီးဌာနက စီစဉ်ပြီးဖြစ်ကြောင်း သွားဆရာဝန်များကို သိစေ အပ်ပါသည်။

ဖြစ်သည့် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၊ အင်းစိန်ဆေးရုံကြီး၊ ရန်ကုန် အရှေ့ပိုင်း ဆေးရုံကြီးတို့တွင်လည်း လူနာများကို တိုးတက်များပြားစွာ ကုသပေးလျက်ရှိ နေကြောင်း တွေ့ရှိရသည်။ တစ်နိုင်ငံလုံးအနေဖြင့် ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ဆေးရုံဆေးခန်းများတွင် သွားရောဂါကုသခံယူသူ လူနာ ပေါင်း တစ်နှစ်လျှင် ၁၅၀၀၀၀ခန့် ရှိပါသည်။ ပြင်ပဆေးခန်း လူနာများပါ ဆိုလျှင် သွားလူနာဦးရေ ထို့ထက်မက များပြားနေမည်မှာ အမှန်ပင် ဖြစ် ပေသည်။

သို့ပါ၍ နိုင်ငံတော်တွင် သွားနှင့်ခံတွင်းရောဂါများ လျော့နည်း သွားစေရန် အောက်ပါကဏ္ဍကြီးသုံးရပ်ဖြင့် တာဝန်ယူဆောင်ရွက်စေသင့်ပါသည်–

၁။ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များကဏ္ဍ

၂။ ပြည်သူလူထုပူးပေါင်းပါဝင်မှုကဏ္ဍ

၃။ သွားနှင့်ခံတွင်း သန့်စင်ပစ္စည်းများဖြစ်သော သွားပွတ်တံ၊ သွားတိုက်ဆေး ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီများကဏ္ဍ။

သွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် ပြည်သူလူထုအား သွားကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကုသခြင်း၊ ကာကွယ်ခြင်း၊ သွားကျန်းမာရေး ပညာပေးခြင်းနှင့် အစားထိုးပြန်လည်တပ်ဆင်ပေးခြင်း လုပ်ငန်းများပါဝင်သည်။ ဖြစ်ပွားနေသည့် သွားပိုးစားရောဂါများ၊ သွားဖုံးရောဂါများ၊ ပြည်တည်နာ ရောဂါများကို ကုသပေးရန်ဖြစ်သော်လည်း တစ်ဖက်တစ်လမ်းမှ ကာကွယ်ရေး လုပ်ငန်းများ၊ ပညာပေးရေးလုပ်ငန်းများကို ထည့်သွင်းတိုးချဲ့ဆောင်ရွက်ရမည် ဖြစ်ပေသည်။ သွားရောဂါများသည် ကာကွယ်၍ရသည့် ရောဂါများဖြစ်ရာ သွားရောဂါကာကွယ်ရေး၊ ပညာပေးရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်သင့်ပေသည်။

အသင်းဝင်သွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် မြို့ပေါ်ဆေးခန်းများ တွင်သာ ထိုင်၍ကုသမနေဘဲ ကျေးလက်တောရွာများရှိ ပြည်သူများအတွင်း ကွင်းဆင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပေသည်။ မိမိအစီအစဉ်ဖြင့်ဖြစ်စေ၊ အခြားသော လူမှုရေးအဖွဲ့အစည်းများဖြင့်ဖြစ်စေ၊ ဌာနဆိုင်ရာများဖြင့် ဖြစ်စေ ပူးပေါင်းလိုက်ပါက ကျေးလက်ပြည်သူများအား သွားရောဂါကုသပေးခြင်း၊ သွားကျန်းမာရေး ပညာပေးဟောပြောခြင်း၊ သွားကျန်းမာရေးအတွက် လိုအပ် သော ပစ္စည်းပစ္စယ အသုံးအဆောင်များ ဖြန့်ဖြူးထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ကြရန်လိုအပ်သည်။ ၎င်းပြင် ကျောင်းသူကျောင်းသားများ၊ ပြည်သူ

ပြည်သူများအနေဖြင့်လည်း မိမိတို့သွားများ ကျန်းမာခိုင်ခံ့စေရေးအတွက် တတ်သိနားလည်ကျွမ်းကျင်သော သွားနှင့်ခံတွင်းဆရာဝန်ကြီးများ၏ သွား ကျန်းမာရေးဟောပြောချက်များကို မိမိတို့ကိုယ်တိုင် နားလည်သဘောပေါက်ပြီး လက်တွေ့ခံယူကျင့်သုံးဆောင်ရွက်ရန် လိုအပ်သည်။

ဆေးပစ္စည်းပြခန်းများ ခင်းကျင်းပြသခြင်း၊ သွားအလှကုန်ပစ္စည်းများ၊ သွားပွတ်တံ၊ သွားတိုက်ဆေးကုမ္ပဏီများလည်း နှစ်တိုင်းထက် ထူးခြားစွာ ပြသရောင်းချခြင်း၊ အထူးနှုန်းလျှော့ဈေးများဖြင့် ရောင်းချခြင်း၊ လက်ဆောင်များ ချီးမြှင့်ခြင်းတို့လည်း ပါဝင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း၏ သက်တမ်း (၂၅)နှစ်မြောက် ငွေရတုရောက်သည့်နည်းတူ မြန်မာနိုင်ငံပြည်သူလူထုအတွက် သွားဘက်ဆိုင်ရာ ဆရာဝန်များဖြင့် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည်မှာလည်း ၂၅နှစ်ကျော်ခဲ့ပြီ ဖြစ်ပေသည်။

ကျန်းမာရေးဦးစီးဌာနအောက်ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ဆေးရုံ၊ဒေသန္တရ၊ ကျောင်းကျန်းမာရေးဌာနများမှပေးပို့သော လချုပ်များအရ မြန်မာတစ်နိုင်ငံလုံး တွင် လစဉ်သွားနှင့်ခံတွင်း လူနာပေါင်း ၁၂၀၀၀ကျော်ကို ပြုစုကုသပေးလျက် ရှိသည်။ ရန်ကုန်ဆေးရုံကြီး သွားပြင်ပလူနာဌာန တစ်ခုတည်းမှာပင် နေ့စဉ် သွားလူနာပျမ်းမျှ ၇၅ ဦးရှိပြီး တစ်နှစ်လျှင် သွားလူနာပေါင်း ၂၄၀၀၀ ကျော် ကုသပေးနေရကြောင်း တွေ့ရှိရသည်။ ထိုနည်းတူ အခြားသော ဆေးရုံကြီးများ

များ သွားတိုက်လေ့ကျင့်ခန်းများ လက်တွေ့ဆောင်ရွက်အောင် အသိပညာ ခံယူချက်နှင့် လက်တွေ့စသော အမူအကျင့်များ ပြောင်းလဲလာသည်အထိ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်သွားရန် လိုအပ်လှပါသည်။

ပြည်သူများအနေဖြင့်လည်း မိမိတို့သွားများ ကျန်းမာခိုင်ခံ့စေရေးအတွက် တတ်သိနားလည်ကျွမ်းကျင်သော သွားနှင့်ခံတွင်းဆရာဝန်ကြီးများ၏ သွားကျန်း မာရေးဟောပြောချက်များကို မိမိတို့ကိုယ်တိုင် နားလည်သဘောပေါက်ပြီး လက်တွေ့ခံယူကျင့်သုံးဆောင်ရွက်ရန် လိုအပ်သည်။ သွားနှင့်ခံတွင်းသန့်ရှင်းရေး အတွက် သွားပွတ်တံ၊ သွားတိုက်ဆေး အသုံးပြုခြင်း၊ ညအိပ်ရာမဝင်မီနှင့် နံနက်စာစားပြီး သွားတိုက်ခြင်း၊ အစာစားပြီးတိုင်း ပါးစပ်ဆေးပလုတ်ကျင်းခြင်း၊ သွားပိုးစားရောဂါ ဖြစ်စေသည့် ချိုသောအစာများကို လျှော့ပေါ့စားသုံးခြင်း၊ သွားအတွက်လိုအပ်သော အာဟာရဓာတ်များ၊ ဗီတာမင်များ၊ သတ္တုဓာတ် ပါသော အစားအစာများကို စားသုံးခြင်းဖြင့် မိမိတို့၏ အပြုအမူ အနေအထိုင် အနည်းငယ် ပြောင်းလဲလိုက်ရုံဖြင့် သွားနှင့်ခံတွင်းရောဂါများ လျော့နည်း ကျဆင်းသွားမည် ဖြစ်ပေသည်။ မိမိကိုယ်၌သာမဟုတ်၊ မိမိပတ်ဝန်းကျင်ရှိ

သားသမီး မိဘဆွေမျိုး မိတ်ဆွေများအား စည်းရုံးတိုးချဲ့ဆောင်ရွက်စေခြင်းဖြင့် သွားရောဂါများ ကျဆင်းရေးအတွက် များစွာအထောက်အကူဖြစ်ပေမည်။

ကျန်းမာရေးဌာနအနေဖြင့် ကျေးရွာများသို့ ကွင်းဆင်း၍ ပြည်သူများအား သွားကျန်းမာရေး ပညာပေးရာတွင် တစ်ခါတစ်ရံ အချို့က ဆင်ခြေပေး ဆွေးနွေးသည်များရှိခဲ့ပါသည်။ ၎င်းတို့အနေဖြင့် ဝင်ငွေနည်းပါးသောကြောင့် သွားတိုက်ဆေးနှင့် သွားပွတ်တံဝယ်ယူရန် အခက်အခဲရှိကြောင်း၊ မိရိုးဖလာ တစ်သက်လုံး ဆားနှင့်မီးသွေးသုံးသည်မှာ ယခုအထိပင်ဖြစ်ကြောင်း၊ မည်သည့် ပြဿနာမှ မပေါ်ကြောင်း ဆွေးနွေးကြသည်။ အထူးသဖြင့် ဆားဖြင့် သွားတိုက်ခြင်းမှာ ဆားသည် မာသောပုံဆောင်ခဲလေးများဖြစ်ပြီး သွားတိုက် ပါက သွား၏ကြွေလွှာကို ပွန်းစေပြီး အတွင်းမှကျဉ်သည့် အထပ်ပေါ်လာ ပါက သွားများ ကျဉ်တတ်ပါကြောင်းနှင့် သွားများကြားမှ စားကြွင်းစားကျန်များ မစင်သဖြင့် သွားဖုံးရောဂါ ရတတ်ပါကြောင်း၊ ကျန်းမာရေးဌာနအနေဖြင့် သွားပွတ်တံ၊ သွားတိုက်ဆေးကိုသာ အသိအမှတ်ပြုသဖြင့် သွားပွတ်တံ၊ သွားတိုက် ဆေးကို ငွေစုချွေတာပြီး ဝယ်ယူသုံးစွဲပါက ရောဂါကုရသည်ထက် များစွာ သက်သာမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။

သွားနှင့်ခံတွင်း သန့်စင်ပစ္စည်းများဖြစ်သော သွားပွတ်တံ၊ သွားတိုက်ဆေး ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီများကဏ္ဍအနေဖြင့် မြန်မာနိုင်ငံတွင် ကျေးလက် ဒေသပြည်သူများမှာ ၇၀ရာခိုင်နှုန်းရှိသည်။ ၎င်းတို့သည် ၎င်းတို့မိရိုးဖလာအတိုင်း သွားတိုက်လျှင် ဆားကိုသာအသုံးပြုကြပါသည်။ ယခုအခါ ကမ္ဘာနှင့်အဝန်း သွားနှင့်ခံတွင်းကျန်းမာရေး ကောင်းမွန်သန့်ရှင်းစေရန် သွားပွတ်တံ၊ သွားတိုက် ဆေးသုံးခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း အသိအမှတ်ပြုထားပြီးဖြစ် ပေသည်။ သို့ဖြစ်၍ ထိုမျှများပြားသော၇၀ရာခိုင်နှုန်းသော ကျေးလက် ပြည်သူများ အသုံးပြုနိုင်မည့် အာနိသင်ထက်မြက်၍ သွားပိုးစားရောဂါ ကာကွယ် နိုင်သော Fluoride ပါသော သွားတိုက်ဆေးနှင့် စံချိန်မီသွားပွတ်တံများကို ဈေးနှုန်းချိုသာ စွာဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် စီမံဆောင်ရွက် သင့်ပေသည်။

Fluorideမပါသော သာမန်သွားတိုက်ဆေးများမှာ ခံတွင်းအနံ့အသက် ကင်းစင်စေသော်လည်း သွားပိုးစားရောဂါများကို ကာကွယ်နိုင်မှုမရှိချေ။ သတ်မှတ်ထားသော Fluoride အမျိုးအစားပါသော သွားတိုက်ဆေးများ သာလျှင် သွားကိုမာစေပြီး သွားပိုးစားသည့်ဒဏ်၊ အက်စစ်စားခြင်းဒဏ်မှ ကာကွယ်နိုင်မည်ဖြစ်ပေသည်။ သို့ပါ၍ အရည်အသွေးပြည့်မီ၍ စံချိန်စံညွှန်းနှင့် ကိုက်ညီသော သွားပွတ်တံ၊ သွားတိုက်ဆေးများကို ပြည်သူများအနေဖြင့် သုံးစွဲသင့်ပါသည်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းသည် တင်ပြလာသော သွားပွတ်တံ၊ သွားတိုက်ဆေးများအပေါ် စိစစ်လေ့လာ၍ ပြည်သူများအတွက် သုံးစွဲရန်သင့်လျော်သော သွားတိုက်ဆေး၊ သွားပွတ်တံကုမ္ပဏီအချို့ကို ထောက်ခံ ချက်များ ပေးလျက်ရှိသည်။

သို့ရာတွင် ယခုအခါ မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ရောင်းချနေသော သွားတိုက်ဆေးများ စံချိန်စံညွှန်းမီ ဖလိုရိုက်ပါဝင်ရန်နှင့် မြန်မာနိုင်ငံနှင့် သင့်လျော်မှုရှိစေရန် သွားတိုက်ဆေးများအတွက် လမ်းညွှန်မှုကော်မတီ (Tooth Paste Steering Committee)ကို ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားပြီး ဖြစ်သည်။

၎င်းပြင် သွားတိုက်ဆေးများအတွက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် လေးဦးပါဝင်သော လုပ်ငန်းကြီးကြပ်မှုကော်မတီ (Tooth paste monitoring committee) နှင့် ဖလိုရိုက် သွားတိုက်ဆေးများအတွက် မြှင့်တင်ရေးအဖွဲ့ (Tooth paste promotion committee)ကိုလည်း အဖွဲ့ဝင်ရှစ်ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။

ပြည်သူများအတွက် အရည်အသွေးပြည့် စံချိန်စံညွှန်းကိုက်ညီပြီး အသုံးပြု၍ သင့်လျော်မည့် သွားတိုက်ဆေးများအား ရွေးချယ်သုံးစွဲရန် ပညာပေး ဆောင်ရွက် သွားမည် ဖြစ်သည်။ သို့ပါ၍ သွားတိုက်ဆေး၊ သွားပွတ်တံကုမ္ပဏီများ အနေဖြင့် အရည်အသွေးပြည့်မီ၍ စံချိန်စံညွှန်းကိုက်ညီပြီး ကျေးလက်ပြည်သူ များပါ သုံးစွဲနိုင်မည့် ဈေးနှုန်းချိုသာသော သွားတိုက်ဆေး၊ သွားပွတ်တံများကို ဦးစားပေးဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ဤကဏ္ဍသုံးရပ်ကို မှန်ကန်စွာ ပေါင်းစည်းကျင့်သုံး ဆောင်ရွက်နိုင်လျှင် ပြည်သူများတွင်း အဖြစ်များနေသော သွားနှင့်ခံတွင်းရောဂါများ လျင်မြန်စွာ လျော့နည်းသွားနိုင်မည်ဖြစ်ပါကြောင်း သွားဘက်ဆိုင်ရာ ဆရာဝန် အသင်းညီလာခံကို ဂုဏ်ပြုကြိုဆို ရေးသားအပ်ပါသည်။ ။

သဃ်္ဃန်းကျွန်းမြို့နယ် ရတနာ သီရိလမ်း ၉၀န လုံးချင်းအိမ်ရာ တိုက် ၄ နေ ဦးထွန်းအောင်–ဒေါ်သီသီဝင်း သား စည်ဖြိုးထွန်းနှင့် ပြည့်ဖြိုးအောင် တို့က မျက်စိအထူးကု ဆေးရုံကြီးမှ နည်လှည့် အထူးကုအဖွဲ့ ကွင်းဆင်း ခွဲစိတ်ကုသမည့် မကွေးတိုင်း သရက်မြို့ ခရီးစဉ်အတွက် အသုံးပြုနိုင်ရန် ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ ဆေးနှင့် ဆေး ပစ္စည်းများပေးအပ်လှူဒါန်းရာ ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်မြင့်ခိုင်က လက်ခံ ရယူစဉ်။

(က–ပ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဇန်နဝါရီ ၅ ရက်က မတ္တရာ မြို့နယ် တော ပု ကျေးရွာ 'စံပယ်ဦး' ကိုယ့် အား ကိုယ် ကိုး စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ ကျေးရွာ ဥက္ကဋ္ဌ ဦးမြင့်နှင့် မြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီး ဌာန ရုပ်/သံ ကျွမ်းကျင်–၃ ဒေါ်ဆွေဆွေတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း

မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကျောင်း၏ မြို့မဖခင်ကြီးဦးဘလွင်ခန်းမ၌ ကျင်းပရာ မိဘဆရာအသင်း နာယကများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၏ဇနီး ဒေါ်တင်တင်ညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့်ဇနီး ဒေါ်သဇင်နွယ်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ဆရာ ဆရာမများ၊ ဆုရ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူလေးများက 'မြန်မာ့ကျောင်း' သီချင်းဖြင့်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ယင်းနောက် မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ကြီးဦးတင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များအား အသင်းနာယကဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီးဒေါ်ခင်သန်းနွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက အမှာစကားပြောကြားပြီး ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ခြောက်ဘာသာနှင့် ငါးဘာသာဂုဏ်ထူးရှင်များအား ဆုချီးမြှင့်ကာ ဂုဏ်ထူးရှင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ လေးဘာသာဂုဏ်ထူးရှင်များအား ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၏ဇနီး ဒေါ်တင်တင်ညွန့်က လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင်များအား မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းဦးကလည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် ခွင့်ရက်မယူ ပညာသင်ကြားပေးကြသော ဆရာမများနှင့် ပညာရည်ချွန်ဆုရရှိခဲ့သောကျောင်းသား ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း အလုပ်အမှုဆောင် အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအပေါ် ထောက်ခံဆွေးနွေး အတည်ပြုကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ကွင်းဆင်းစစ်ဆေး

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဇန်နဝါရီ၅ရက်တွင် ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များပျိုးထောင်ထားရှိမှုနှင့်ဇွဲကပင်ခန်းမ ရှေ့မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုအားလည်းကောင်း၊ ဘားအံမြို့မှ လှိုင်းဘွဲ့မြို့အထွက် လမ်းပေါ်၌ တည်ရှိသော ကော့ထော်ရွာ အဝင်မြေသားလမ်းလုပ်ငန်း အရှည် တစ်မိုင်နှစ်ဖာလုံ၊ အကျယ်၁၈ပေ ဆောင်ရွက်နေမှုအားလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဇန်နဝါရီ၆ရက်တွင် ကော့ကရိတ်မြို့သို့ ရောက်ရှိပြီး ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော အမှတ်(၃)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ဘိလပ်မြေလမ်းကတ္တရာခင်းခြင်း အရှည်ပေ၃၅၀၊ အကျယ်၁၂ပေနှင့် ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း အရှည်ပေ၃၅၀၀၊ အကျယ်၃၆ပေတို့အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့်အရိပ်ရပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

(နယ်စပ်/စည်ပင်)

ပုပ္ပားစကားဝါမြေဆရာတော် တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့လှိုင်သာယာမြို့နယ်(၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်နာယက စာချသာသနာပြုနယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဇန်နဝါရီ ၂၅ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီလမ်း အနောက်ခြမ်း၌ ဓမ္မပူဇာပွဲတွင် လည်းကောင်း၊ ဇန်နဝါရီ ၂၇ရက်တွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပုညဝလုဏ ဆွမ်းလောင်းအသင်း၏ ဆွမ်းအောင်ပွဲ၌လည်းကောင်း၊ ဇန်နဝါရီ၃၀ရက်နှင့်၃၁ရက်တို့တွင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ပေါင်းကူညာဏရပ်ကွက်ရှိ မလွန်ဆန်လှူအသင်းဓမ္မပူဇာပွဲ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

(က-ပ)

ဘဒ္ဒန္တဉာဏောဘာသ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာ ပုဗ္ဗာရာမ အရှေ့ကျောင်းတိုက်ကြီး၏ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဉာဏောဘာသက မှော်ဘီမြို့နယ် စိန်ရွှေကုန်းကျေးရွာ ဓမ္မဒီပါဓမ္မရိပ်သာ၌ ဖေဖော်ဝါရီ ၄ ရက်မှ ၁၃ ရက်အထိ ၁၀ ရက် တရားစခန်းကို ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေး

နှင့်

အာဆီယံရိက္ခာလုံခြုံရေးသတင်းစနစ် စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ တတိယအကြိမ်အစည်းအဝေး

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ

ကန်တော်ကြီးပဲလေ့ဟိုတယ်၊ ရန်ကုန်မြို့။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ ၇၅၀၊ အကျယ် ၁၂ပေရှိ (၄)လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် အရှည်ပေ ၇၅၀၊ အကျယ်၁၂ပေရှိ (၂)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းတို့အား ဆောင်ရွက်ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် မြို့ပြလုပ်ငန်းများဖြစ်သော အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ပေရှိ ငွေဆင်လမ်း ကတ္တရာခင်းခြင်း၊ အရှည်ပေ၁၀၅၀၊ အကျယ် ၁၂ပေရှိ ဈေးလမ်းသွယ်(၁) ကတ္တရာခင်းခြင်း၊ အရှည်ပေ ၈၆၀၊ အကျယ်ပေ ၂၀ရှိ ရွှေလီရတနာလမ်း (စံပြလမ်း) ကတ္တရာခင်းခြင်း၊ အရှည် ၅၂၅ပေ၊ အကျယ် ၁၈ပေရှိ အားကစားကွင်း အဝင်လမ်းကတ္တရာခင်းခြင်း၊ အရှည် ၁၅၄၀ပေ၊ အကျယ်၁၈ပေရှိ မြို့ပတ်လမ်းအကြီးစားပြင်ဆင်ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ပေ ရွှေသမင်လမ်းကတ္တရာခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းတင်းနစ်ပြိုင်ပွဲဝင်များတွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းတင်းနစ်ပြိုင်ပွဲဝင် အုပ်ချုပ်သူ၊ နည်းပြ၊အားကစားသမားများနှင့် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ အမှုဆောင်များ တွေ့ဆုံမိတ်ဆက်ပွဲကို ယနေ့နံနက်၉နာရီတွင်သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဧည့်သည်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြား၍ ပြိုင်ပွဲဝင် ပြည်နယ်နှင့် တိုင်းအသင်းများနှင့် မိတ်ဆက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှ

အခြေအနေကိုလည်းကောင်း၊ ကန်သင်းပေါင်များတစ်လျှောက် စားပင်သီးပင်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နွေစပါးပန်းတိုင် အထွက်နှုန်းပြည့်မီ ကျော်လွန်စေရေး အတွက် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရေး၊ နွေစပါးစိုက်ခင်းများအတွင်း စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်ရန် နည်းလမ်းမျိုးစုံ အသုံးပြုဆောင်ရွက်ရေး၊ အကျိုးပြုဧကေ ပိုမို တိုးချဲ့၍ ရေသွင်းစိုက်ပျိုးနိုင်ရေး ကြိုးပမ်းသွားကြရန်နှင့် လယ်မြေ ပတ်ဝန်းကျင် မြေလွတ် မြေလပ်များ၌ စားပင်သီးပင်များ ပိုမို တိုးချဲ့စိုက်ပျိုးသွားကြရန်မှာကြားပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ရွှေရတု နှစ်(၅၀)ပြည့် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ မန္တလေးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (က)အုပ်စုမှ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ် က ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ကချင်ပြည်နယ်မှ ညွန့်ဝင်းက ရရှိသွားသည်။

ပဲခူးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ဂ)အုပ်စုမှ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ဧရာဝတီတိုင်းမှ ဇေယျာဖြိုးမြင့်က ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၃၀ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဗိုလ်မှူးကြီးသောင်းရွှေ၊ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်နန်းငွေငွေတို့က ပညာရေးစုံညီပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ဝ၄၈)

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ပခုက္ကူ-ထီးလင်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ဟိန်းထက်လပြည့် ယာဉ်လိုင်းသစ် ဖွင့်ပွဲကို ဒီဇင်ဘာ၁ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ငွေဦးနှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဘောဒါတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

ရမည်းသင်းမြို့ အရပ်ရပ်လိုင်စင်များ လေလံတင်ရောင်းချပွဲ ကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၁၈

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အရပ်ရပ် အခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်နံနက် ၁၀နာရီက ရမည်းသင်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချရေးကြီးကြပ်မှုကော်မတီနာယက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်းက လေလံစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းတင်ပြပြီး အရပ်ရပ်အခွင့်အရေးလိုင်စင် ၅၁မျိုးကို စည်းမျဉ်း၊စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(က-ပ)**

ဒေးဒရဲမြို့နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ကြသော လုပ်ငန်းရှင်များနှင့် ဆွေးနွေး

ဒေးဒရဲ ဇန်နဝါရီ ၁၀

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီက မြို့နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ကြသော လုပ်ငန်းရှင်များအား ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် အတွင်းရေးမှူး ဦးကျော်ဆန်းကျော်တို့က လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပြဋ္ဌာန်းချက်များ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းရှူးမြို့နယ်တွင် တံတားဖွင့်ပွဲကျင်းပ

မိုင်းရှူး ဇန်နဝါရီ ၅

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ပိန်းဆာကျေးရွာအနီး ဝမ်ကန်(၃၆၉)တံတားဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀နာရီက အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါတံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆၀၀၀၀ ဖြင့် ဆောင်ရွက်သော တံတားဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဒီဇင်ဘာ ၁၄ ရက်က မြင်းခြံမြို့နယ်ရှိ ပုဂံ-ညောင်ဦး အဝင်အထွက် ပတ်ဝန်းကျင် သာယာလှပရေးအတွက် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်းနှင့်ဝန်ထမ်းများ မြေယာရှုခင်းအလှ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

သာစည်မြို့နယ် ရေစစ်ကန်သွားလမ်း ကျောက်ခင်းခြင်း အပြီးသတ်ဆောင်ရွက်

သာစည် ဇန်နဝါရီ ၆

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အမှတ်(၄)ရပ်ကွက် (ထိန်ကန်)ရှိ ရေစစ်ကန်သွားလမ်း အရှည်ပေ ၆၃၀၊ အကျယ် ၁၂ ပေရှိ ကျောက်ခင်းလမ်း အပြီးသတ်ဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၈ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ်နှင့် မွန်ပြည်နယ်ပညာရေးဌာနတို့ ပူးပေါင်းကြီးမှူးကျင်းပသော မွန်ပြည်နယ်ကျောင်းပေါင်းစုံ အမျိုးသားအမျိုးသမီးဘတ်စကက်ဘော ပြိုင်ပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က မော်လမြိုင်မြို့ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးရှိန်ဝင်းက အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံးဆုရ မအေးအေးခင်(ချောင်းဆုံမြို့နယ်)အား ဆုချီးမြှင့်စဉ်။ (၁၆၈)

အမြို့မြို့ အနယ်နယ် သတင်းများ

အင်းတော်မြို့နယ် ကျန်းမာရေးဦးစီးဌာန ကြီးမှူး အရန်သားဖွားသင်တန်းဖွင့်ပွဲ ကျင်းပ

အင်းတော် ဇန်နဝါရီ ၁၆

အင်းတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်း (၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀နာရီက အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံခန်းမတွင်ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး မြို့နယ်ဆရာဝန် ဦးမျိုးသန့်တို့က သင်တန်းအဖွင့်အမှာစကား ပြောကြားကြသည်။

သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မြို့နယ် ပြည်သူ့ဆေးရုံတွင် သုံးလ၊ ရပ်ကွက်နှင့် ကျေးရွာတွင်သုံးလဖြစ်၍ သင်တန်းမှာ စုစုပေါင်း ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(၁၃၃)**

သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကျင်းပ၊ ထူးချွန်ဆုများချီးမြှင့်

သီပေါ ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ကျောင်းသားကျောင်းသူများဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၈ရက် နံနက်၁၀နာရီက အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသားကျောင်းသူများက ဇာတိမာန် တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အခြေခံပညာမူလတန်းမှ တက္ကသိုလ်ဝင်စာမေးပွဲအထိ ထူးချွန်စွာအောင်မြင်သူများကို မြို့နယ်အတွင်းရေးမှူးဦးစိုင်းသာလှိုင်၊ လက်ထောက်မြို့နယ်ပညာရေးမှူးဦးသိန်းဦး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အင်(န်)ဂျီးတောင်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်းပညာရေးစုံညီပွဲတော်အဖြစ် ကျောင်း၏လှုပ်ရှားမှုပြခန်းများပြသခြင်းနှင့် အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေကြကြောင်းသိရသည်။ **(၃၀၆)**

ကြည့်ရှုစစ်ဆေး

ဒီဇင်ဘာ ၁၀ ရက်က အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ် တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မြို့နယ်အတွင်းရေးမှူး ဦးဇော်မင်းနိုင်၊ မီးသတ်ဦးစီးမှူး ဦးငွေဝေနှင့် ခေတ္တအမှုဆောင်အရာရှိ ဦးမိုးမြင့်တို့ ကြည့်ရှု စစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ဒေးဒရဲမြို့နယ်အသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၃၀ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် အမှတ်၅၇၊ အာဇာနည်လမ်း ဗဟန်းမြို့နယ်ရှိ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အစည်းအဝေးတွင် အသင်းသားများနှင့် အသင်းသားမိဘများ အသက်၈၀နှင့်အထက် သက်ကြီးပူဇော်ပွဲအတွက် အမည်၊ မှတ်ပုံတင်မိတ္တူများဖြင့်လည်းကောင်း၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးနှင့် ရိုးရိုးအောင်မြင်ခဲ့ကြသော အသင်းသူ အသင်းသားများ၏ သားသမီးများ အမည်စာရင်းနှင့် အထောက်အထားများကိုလည်းကောင်း၊ ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများသည် အမည်စာရင်းပေးပို့၍လည်းကောင်း၊ ဇန်နဝါရီ ၂၃ရက် နောက်ဆုံးထား၍ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)ဓမ္မာရုံနှင့် ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁၊ ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ ဒေါ်ခင်ရီ ဖုန်း-၅၂၄၂၅၅၊ ၀၉-၅၀-၂၀၂၁၅ တို့သို့ဆက်သွယ်၍ အမည်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ရေတာရှည်၌ ကတ္တရာလမ်းများဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၂

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အောင်မြန်မာလမ်း၊ မြို့ဦးလမ်း၊ အောင်ဇေယျလမ်းမများ ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက်က အဆိုပါမုခ်ဦးများရှေ့၌ ကျင်းပရာ ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ရွှေဘုန်းပွင့်စေတီတော် နှမ်းထမနဲကပ်လှူမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် (၈)ကြိမ်မြောက် နှမ်းထမနဲထိုးပွဲနှင့် အလှူပွဲကို ဖေဖော်ဝါရီ ၂၂ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ညနေ ၃နာရီမှစတင်ကာ ဆွမ်းတော်များနှင့် ဘုရားဖူးလာကုသိုလ်ရှင်များအား စတုဒိသာကျွေးမွေး၍ လှူဒါန်းမည်ဖြစ်သည်။ နှမ်းထမနဲတစ်ဒယ်လျှင် ငွေကျပ် ၇၀၀၀နှုန်းဖြင့် လည်းကောင်း၊ တစ်နိုင်အလှူဖြင့် လည်းကောင်း ဂေါပကရုံး ဖုန်း-၂၉၀၄၂၅သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၂

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ အကြိမ်(၈၀) မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇန်နဝါရီ ၂၄ရက်မှ ဖေဖော်ဝါရီ ၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

အဲယားပုဂံဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ၁၈ကျင်းပြိုင်ပွဲဆက်



ရန်ကုန် ဇန်နဝါရီ ၂၂

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd.က အဓိကကူညီပံ့ပိုးသည့် ၂၀၀၅ ခုနှစ် ပထမအကြိမ် Air Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ပုဂံဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ Myanmar PGAနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံ ဂေါက်သီးရိုက် အားကစားမောင်မယ်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဦးဆောင်

ပြိုင်ပွဲ၏ တတိယနေ့ ၁၈ကျင်းကစားအပြီး၌ Professional Golfersပြိုင်ပွဲတွင် စိုးကျော်နိုင်(Srixon)က (၇၄+၇၅+၆၇)ပေါင်း ၂၁၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ သန်းနိုင်(Wilson)က (၇၄+၇၃+ ၇၁)ပေါင်း ၂၁၈ချက်ဖြင့် ဒုတိယ၊ မင်းလွင်ဦး (Wilson)က (၇၂+၇၅+၇၂)ပေါင်း ၂၁၉ချက်ဖြင့် တတိယ၊ မင်းနိုင်(Srixon)က (၇၂+၇၈+၇၀) ပေါင်းအချက်၂၂၀ဖြင့်စတုတ္ထအသီးသီး လိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဇော်ဇော်ဝင်းက(၇၆+၆၉+၇၁)ပေါင်း ၂၁၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ဘိုဘိုက(၇၅+၇၄+၆၇)နှင့် သိန်းဇော်မြင့်က(၇၁+၇၂+၇၄)ပေါင်း ၂၁၆ ချက်စီဖြင့် ဒုတိယလိုက်ကြပြီး အောင်ဝင်းက(၇၇+၇၀+၇၅) ပေါင်း ၂၂၂ချက်ဖြင့် တတိယလိုက်နေသည်။

တာဝန်ယူ

အဆိုပါပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော ဂေါက်သီးရိုက်အားကစားသမားများအတွက် Official Hotel အဖြစ် Myanmar Treasure Resort Hotel ကို သတ်မှတ်ထားပြီး ယင်းပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by HAN Event Management°က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၂၃ရက် နံနက် ၈နာရီတွင် စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၅ ခုနှစ် ပထမအကြိမ် Air Bagan Open Golf Championship**ဂေါက်သီးရိုက်ပြိုင်ပွဲ** Professional Golfers**ပြိုင်ပွဲတွင် တတိယနေ့ပြိုင်ပွဲ၌ ဦးဆောင်ကစားလျက်ရှိသော စိုးကျော်နိုင်**(Srixon)**ပါဝင်ယှဉ်ပြိုင်နေစဉ်။** (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ရခိုင်ရိုးရာပျော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၅ခုနှစ် ဒုတိယအကြိမ်မြောက် ရခိုင်တိုင်းရင်းသားများ၏ ရခိုင်ရိုးရာ စုပေါင်းနံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲနှင့် ဆွမ်းဆန်တော်ပဒေသာပင်ကပ်လှူပွဲအတွက် ရခိုင်ရိုးရာတေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၉ရက် (စနေနေ့)တွင် စမ်းချောင်းမြို့နယ် မြေနီကုန်း ပဒုမ္မာအဆင့်မြင့်ဇာတ်ရုံကြီးတွင် ညနေ ၄နာရီမှ ည ၈နာရီအထိ စီစဉ်တင်ဆက်မည်ဖြစ်သည်။ လာရောက်အားပေးလှူဒါန်းလိုကြသောကုသိုလ်ရှင်များ ကိုစောသာမောင် ဖုန်း-၅၄၉၁၆၅၊ ကိုနီထွန်း ဖုန်း-၅၅၈၉၁၄၊ ကိုစံလှဝင်း ဖုန်း-၅၄၀၀၇၄နှင့် မကြည် ဖုန်း-၃၇၅၇၂၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တာဝန်ရှိသူတစ်ဦးက မမြတ်ပန်းမြင့်မိုရ်အား ဆုချီးမြှင့်စဉ်။

(က-ပ)

မြန်မာ့ရိုးရာလက်ဝှေ့ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

(၂၇)ကြိမ်မြောက် ကရင်အမျိုးသားများ၏ နှစ်သစ်ကူးပွဲတော်ကြီးတွင် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးအား ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာရှိ ရိုးရာပွဲတော်ကျင်းပရာ ကွင်းကြီးတွင် ဇန်နဝါရီ ၈ရက်မှ ၁၀ရက်အထိ ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေး(ပရဟိတ)ဂေဟာက ကြီးမှူးကျင်းပခဲ့ရာ နေ့စဉ် အတွဲပေါင်း ကိုးတွဲယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

ဆိုးကင်းဘယ်လ် အာဆင်နယ်တွင် နောက်ထပ်နှစ်နှစ် ဆက်လက်ကစားမည်

လန်ဒန် ဇန်နဝါရီ ၂၂

အသက်၃၀နှစ်အရွယ်ရှိပြီဖြစ်သော အင်္ဂလန်လက်ရွေးစင် ဘောလုံးသမားတစ်ဦးဖြစ်ပြီး အာဆင်နယ်ဘောလုံးသမားတစ်ဦးလည်းဖြစ်သည့် ဆိုးကင်းဘယ်လ်သည် အာဆင်နယ်အသင်းတွင် နောက်ထပ်နှစ်နှစ် ဆက်လက်ကစားနေဦးမည်ဖြစ်ကြောင်း အာဆင်နယ်ကလပ်အသင်း မန်နေဂျာ အာဆင်ဝင်းဂါးက သောကြာနေ့က ပြောကြားလိုက်သည်။

ထို့အပြင် ကင်မရွန်းနောက်ခံလူ လူရန်နှင့် ဆယ်ကျော်သက်ကစားသမားများဖြစ်ကြသော ဂျက်စတင်း၊ ဂျိုဟမ်ဒီဂျိုရောတို့လည်း လာမည့်ဘောလုံးရာသီတွင် ဟိုက်ဘူရီကွင်း၌ ဆက်လက်ကစားကြဦးမည်ဖြစ်ကြောင်း၊ သို့ရာတွင် ဘရာဇီးကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် အီဒူးကမူ ဗလင်စီယာအသင်းသို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်ကြောင်း အာစင်ဝင်းဂါးက ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

အသက် ၂၀ အောက် တောင်အမေရိကဖလားဘောလုံးပြိုင်ပွဲအဖြစ် ကိုလံဘီယာနှင့် အာဂျင်တီးနားအသင်းတို့ပြိုင်ပွဲတွင် ကိုလံဘီယာအသင်းမှ မိုရာလက်စ်(အောက်)နှင့် အာဂျင်တီးနားမှ မက်ဆီတို့ ဘောလုံးယှဉ်လုရင်း လဲကျစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အသက် ၂၀အောက် တောင်အမေရိကဖလားဘောလုံးပြိုင်ပွဲ အာဂျင်တီးနားအသင်းနှင့် ကိုလံဘီယာတို့ သရေပွဲဖြစ်

မနီဇာလက်စ် ဇန်နဝါရီ ၂၂

အသက် ၂၀အောက် တောင်အမေရိကဖလား ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကိုလံဘီယာနှင့် အာဂျင်တီးနားအသင်းတို့ ဇန်နဝါရီ ၂၁ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

အာဂျင်တီးနားအသင်းသည် ပီရူးအသင်းနှင့် ဇန်နဝါရီ ၁၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင်လည်း ခြောက်ဂိုး-ဂိုးမရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သဖြင့် ယခုအချိန်အထိ ရှုံးပွဲမရှိသေးသော အသင်းဖြစ်ပြီး အသက် ၂၀အောက် တောင်အမေရိကဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဖြစ်ရန် အဓိကယှဉ်ပြိုင်ရမည့်အသင်းမှာ ဘရာဇီးဖြစ်ကြောင်း အာဂျင်တီးနားအသင်းနည်းပြကပြောကြားပြီး မိမိအသင်းအနေဖြင့် ကိုလံဘီယာအသင်းကို ခက်ခက်ခဲခဲကစားခဲ့ရသည်ဟု ပြောကြားသည်။ **(အင်တာနက်)**

ဘောလုံးကစားခြင်းမှ ပီတစ် အနားယူတော့မည်

ပါရီ ဇန်နဝါရီ ၂၂

ပြင်သစ်ဘောလုံးအသင်း ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် အီမင်နူရယ်ပီတစ်က သူ၏ ဒူးခေါင်းဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူပြီးချိန်တွင် ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

အသက် ၃၄နှစ် အရွယ်ရှိပြီဖြစ်သော ပီတစ်သည် ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် ဘရာဇီးအသင်းကို အနိုင်ယူဗိုလ်စွဲခဲ့ရာ ပြင်သစ်အသင်း၌ ပါဝင်ကစားခဲ့သူတစ်ဦး ဖြစ်သည်။

ပီတစ်က သူ့အနေဖြင့် ဒူးခေါင်းဒဏ်ရာ ခွဲစိတ်ကုသမှု ပြီးပါက မိမိအနေဖြင့် ကြံ့ခိုင်မှုအပြည့်အဝ ပြန်လည်ရရှိနိုင်တော့မည် မဟုတ်ကြောင်း၊ တစ်နှစ်အတွင်းသုံးကြိမ် ခွဲစိတ်ကုသမှု ခံယူခဲ့ရကြောင်း အာဆင်နယ်နှင့် ဘာစီလိုနာ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ခဲ့သူ ပီတစ်က ပြောကြားကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ပြည်လုံးချမ်းသာစေတီတော် ရွှေသက်န်းကပ်လှူပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် စင်ကာပူကျောင်းတိုက် သမိုင်းဝင်ပြည်လုံးချမ်းသာ မြတ်စွာဘုရားစေတီတော်၏ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲနှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို စင်ကာပူကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ၏ ဩဝါဒကိုခံယူပြီး စင်ကာပူကျောင်းတိုက်ဂေါပကအဖွဲ့နှင့် မင်္ဂလာကန်တော်အကျိုးတော်ဆောင်အဖွဲ့တို့ကကြီးမှူး၍ အလှူ့ဒါယကာ ဒါယိကာမ မိသားစုဖြစ်သော ဦးအေးမောင်-ဒေါ်ကျင်မွှေးမိသားစု (တပ်မြေရွှေပန်းထိမ်)၏ ကုသိုလ်ယူ လှူဒါန်းမှုဖြင့် စင်ကာပူကျောင်းတိုက်အတွင်း ဇန်နဝါရီ ၂၄ရက် (ပြာသိုလပြည့်နေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ပါဝင် ကုသိုလ်ယူ ကြည်ညိုနိုင်ကြောင်းသိရသည်။

(က-ပ)

သဃ်ာန်းကျွန်းမြို့နယ် ၈/ တောင်ရပ်ကွက် ရှေးဟောင်းသမိုင်းဝင်စေတီတော်နှင့် ဆယ့်တစ်တောင်ပြည့် စေတီတော် သာသနာ့အလင်းရောင်မြတ်စွာဘုရားများ၏ ဗုဒ္ဓပူဇနီယပူဇော်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၂၀ရက်က ဘုရားရင်ပြင်တော်ပေါ်တွင် ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက်ကြပြီး ဂေါပက ဥက္ကဋ္ဌနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(က-ပ)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ဦးငွေတင်-ဒေါ်မြသိန်းတို့၏သား

Fremont,California,U.S.A နေ

မောင်တင်မျိုးအောင် (ခ) **Timothy Tin Myo Yonlay**

နှင့်

ဦးနီ(ခ)ဦးသောင်းမြင့်-(ဒေါ်ဝင်းကြည်)တို့၏သမီးထွေး

မခင်ဆွေသစ် (ခ) သစ်သစ်

အထွေထွေမန်နေဂျာ(စိုက်ပျိုးရေး)၊ ယုဇနကုမ္ပဏီလီမိတက်

တို့၏ ၂၂-၁-၂၀၀၅ရက်တွင် Yuzana Garden Hotel ၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီး ဒေါ်ခင်လေးမြင့်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးဌေးမြင့်(ဥက္ကဋ္ဌ၊ Yuzana Co.,Ltd.)နှင့် ဇနီး ဒေါ်အေးအေးမော်၊ မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီပေးပါသော ယုဇနကုမ္ပဏီမိသားစု၊ မင်္ဂလာပန်းကြဲပေးသော မထက်ကေခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ကိုင်ဆောင်ပေးသော မကေသရီသင်း၊ သတို့သားအရန် သရုပ်ဆောင်စစ်သွေး၊ သတို့သမီးအရန် မအေးအေးမာတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင်အလှဖန်တီးရှင် မိတ်ကပ်ခင်စန်းဝင်း၊ Aces တီးဝိုင်းအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာအခါတော်ပေး တေးသီချင်းသီဆိုပေးသော ဟေမာနေဝင်းအားလည်းကောင်း၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော ဦးမောင်မောင်ညွှပ်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တင်မျိုးအောင်-မခင်ဆွေသစ်။

မင်္ဂလာဦးဆုတောင်း

ကိုယုန်လေးနှင့်မသစ်တို့၏ ၂၂-၁-၂၀၀၅ရက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ဘဝခရီးလမ်းကို အေးအတူပူအမျှ ထာဝရပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ခန့်ခန့်ချော(ယုဇနစင်တာ)

တာချီလိတ်မြို့နယ်၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇန်နဝါရီ ၂၂

တာချီလိတ် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ၂၀၀၄ခုနှစ် ဇူလိုင်၂၀ရက်တွင် တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ဟွေတာ(၃) ရွာလမ်းမပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူ အောင်မြင့်စိန်အား စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု ဟွေတာ(၃)ရွာနေ ဦးသာပွား၏သား အသက်(၂၉)နှစ်ရှိ အောင်မြင့်စိန်အား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၃/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် နိုဝင်ဘာ၂၅ရက်တွင် တရားရုံးက တရားခံ အောင်မြင့်စိန်အား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှုပုဒ်မ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ်၁၅နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အလားတူ တာချီလိတ်မူးယစ် အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ သည် ၂၀၀၄ခုနှစ် ဇွန်၄ရက်တွင် တာချီလိတ်မြို့ မိုင်းဖုံးအုပ်စု ဟိုနား(အခါ)ရွာရှိ လမ်းမပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူ ကျင်စန်း အား စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ ဘိန်းဖြူဘလောက်တုံးလေးတုံး စုစုပေါင်းအလေးချိန် ၁ဒသမ၄ကီလို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တာချီလိတ်မြို့နယ် မိုင်းဖုံးအုပ်စု ဟိုနား(အခါ)ရွာနေ ဦးလောမာ၏သား အသက်(၂၈)နှစ်ရှိ ကျင်စန်းအား ဝမ်ပုံရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ်၈/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၄ရက်တွင် တရားရုံးက တရားခံ ကျင်စန်းအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာလက်ဝယ်ထားရှိမှုပုဒ်မ၁၉(က) အရ ထောင်ဒဏ် ၂၅နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ်ပြာသိုလဆန်း၁၄ရက် (အဖိတ်နေ့)
၂၃-၁-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ ဆွာချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ" (အပိုင်း-၅)**
၁၂:၁၅ ၅။ ငယ်စဉ်အခါပညာရှာ
၁၂:၂၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"တစ်ယောက်က တစ်ယောက်ကို"** ဒွေး၊ စိုးမြတ်သူဇာ၊ ချိုပြုံး ဒါရိုက်တာ- ကိုဇော်(အရဏ်ဦး)
၁၄:၁၅ ၇။ တေးဂီတအစီအစဉ်
၁၄:၃၀ ၈။ ဘိုင်းဒါးတံတား (ပဲခူးတိုင်း)
၁၄:၄၅ ၉။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒ အထူးပြု) (ရူပဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
၁၇:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀ ၉။ ညနေခင်းသတင်း
၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်" (အပိုင်း-၄၈)**
၁၉:၃၅ ၁၂။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၉:၄၅ ၁၃။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ" (အပိုင်း-၁၂)**

မိခင်ကြီးဒေါ်ကျင်အား အမှူးထား၍ အမှတ် ၆၉၈ ဇေယျာအေးမြလမ်း (၃၁)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးသောင်းရွှေ- ဒေါ်မြင့်စိန် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့လှူဒါန်းရာ အလုပ်အမှုဆောင် ဦးညွှန့်သိန်းက လက်ခံရယူစဉ်။ (က-ပ)

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သမီးဖြစ်သူ မသူဇာလှိုင် ၁၂/မဂတ(နိုင်)၀၀၉၄၉၈သည် မိဘများခွင့်မလွှတ်နိုင်သော အပြုအမူကိုလုပ်ဆောင်သွားပါ၍ ယနေ့မှစ၍ သမီးအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးတင်လှိုင်
၁၂/မဂတ(နိုင်)၀၆၃၅၇၁

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်စွာအောင် မှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်) ၁၄၄၀၆၈ ကိုင်ဆောင်သူ၏ Allotment Order သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၀-၄၂၁၃။**

မီးဘေး
အန္တရာယ်
အစဉ်သတိပြု
ကာကွယ်



မင်းဘူးမြို့နယ်တွင် အလှူရှင်စက်ရေတွင်းဖွင့် ငွေကျပ်ရှစ်သိန်းကျော် အကုန်အကျခံဆောင်ရွက်

မင်းဘူး ဇန်နဝါရီ ၁၀

ကျေးလက်ဒေသများသန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံချက်အရ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် နှစ်လက်မအလှူရှင်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် နံနက် ၇ နာရီက ရွာသာယာရွာဦးကျောင်းပရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်၊ ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဆွေနှင့် အလှူရှင် မိသားစုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

အမှာစကားပြောကြား

အဆိုပါ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများနှင့် ကျေးလက်ပြည်သူ ၅၀၀ ကျော် တက်ရောက်ကြသည်။

လှူဒါန်း

အဆိုပါ စက်ရေတွင်းမှာ တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ ထွက်ရှိပြီး စုစုပေါင်း ကျပ် ၈၂၅၀၀၀ အကုန်အကျခံကာ ရန်ကုန်မြို့နေ ဦးဘစန်းလှ-ဒေါ်ရီရီစန်း မိသားစုက လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကိုဇန်နဝါရီ၁၈ရက်ကမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးဇော်စိုးက သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

မူဆယ်မြို့ ရွှေလီရိပ်သာလမ်း စံပြလမ်းကတ္တရာခင်း ငွေကျပ် ၇၄ သိန်းကျော် အကုန်အကျခံဆောင်ရွက်

မူဆယ် ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်သည် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့နှင့်အတူ ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက မူဆယ်မြို့ ရွှေလီရိပ်သာလမ်း၊ စံပြလမ်း ကတ္တရာခင်းခြင်း၊ ပလက်ဖောင်းနှင့် အုတ်ရေမြောင်းပြုလုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

စံပြလမ်းတွင် ကတ္တရာလမ်းအရှည် ပေ၆၀၊ အကျယ် ပေ ၂၀၊ ပလက်ဖောင်းအရှည် ၇၆၅ ပေ၊ အကျယ် သုံးပေနှင့် အုတ်ရေမြောင်းအရှည် ၁၀၂၈ ပေကို စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကျပ် ၇၄ ဒသမ ၃၀ သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ရောဝတီတိုင်း စည်ပင်ညွှန်ကြားရေးမှူး စည်ပင်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မအူပင် ဇန်နဝါရီ ၂၀

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် အင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ဌေး ခေါင်းဆောင်သောအဖွဲ့သည် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက် ရှိသည့် ရေလဲလမ်း လမ်းဘေးဝဲ/ယာပလက်ဖောင်းတည်ဆောက်ခြင်းလုပ်ငန်း၊ နည်းပညာကောလိပ်နှင့် ရေလဲလမ်းမကြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊ ရွှေဘုန်းမြင့် ဘုရားပတ်လမ်းကတ္တရာခင်းခြင်းလုပ်ငန်း၊ ခိုင်သစ္စာလမ်းနှင့် ခိုင်မာလာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း၊ အောင်ဟိတ်-ဆိပ်သာလမ်းမြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို ဇန်နဝါရီ ၁၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးတင်မောင်စိုးတို့က ရှင်းလင်းတင်ပြကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမတွင် မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်ရေး၊ ရုံးလုပ်ငန်းများ စနစ်တကျရှိစေရေးတို့အတွက် အမှုဆောင်အရာရှိနှင့် ရုံးဝန်ထမ်းများအား တွေ့ဆုံမှာကြားခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

နှစ်စပါးမျိုးစေ့ချပွဲ ကျင်းပ

ကွမ်းလုံ ဇန်နဝါရီ ၇

ကွမ်းလုံမြို့နယ်၏ ၂၀၀၄-၂၀၀၅ ခုနှစ် နှစ်စပါးမျိုးစေ့ချပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀နာရီက နမ့်ဟူးကျေးရွာ စံပြစိုက်ကွက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကွမ်းလုံ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဖေကြိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးသိန်းထွန်းက နှစ်စပါးစိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သတ်မှတ်ထားသည့် ပျိုးပေါင်များတွင် နှစ်စပါးမျိုးစေ့များ ချကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အောင်ပန်းမြို့ ထာဝရအမွေ စာကြည့်တိုက်ဖွင့် စာအုပ်မျိုးစုံနှင့် ပရိဘောဂ ပစ္စည်းများလှူဒါန်း

ကလော ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ (၃)ရပ်ကွက်၌ ထာဝရအမွေ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ညွှန့်ရည်နှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်သန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မဂ္ဂဇင်းစာအုပ်မျိုးစုံ ၅၀နှင့် ရုပ်မီရုပ်ဖများ၊ စာအုပ်အလှူရှင်များက သုတ၊ ရသ စာအုပ်မျိုးစုံနှင့် ပရိဘောဂပစ္စည်းများ ထည့်ဝင်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်ခြင်းနှင့် ပန်းအလှပင်များအတွင်း ပေါင်းမြက်များရှင်းလင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ၃ ရက်က စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်သန်းဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ရေပေးရေး ကွင်းဆင်းဆောင်ရွက်

နမ့်ခမ်း ဇန်နဝါရီ ၅

နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သောကုန်းဆာကျေးရွာတွင် နှစ်လက်မ ရေပိုက်အနက် ပေ ၄၂၀၀ ရေပိုက်သွယ်တန်းရန်အတွက် စိမ့်စမ်းရေမှ ရေထွက်နေရာကို ဒီဇင်ဘာ ၁၈ ရက်က အမှုဆောင်အရာရှိဦးမောင်တိုး (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်စိုးစိုးထွန်းတို့ ကွင်းဆင်းကြီးကြပ်စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)** **(မြို့နယ်ပြန်/ဆက်)**

ချင်းတွင်းမြစ် အနောက်ခြမ်းဒေသများ သွားလာမှုလွယ်ကူချောမွေ့ရေး ကလေး–ကလေးဝ–မော်လိုက်–ဖောင်းပြင်မြို့နယ်များသို့ ယာဉ်လိုင်းသစ်ပြေးဆွဲ

ကလေး ဇန်နဝါရီ ၁၃

စစ်ကိုင်းတိုင်း ကလေးခရိုင်၊ ကလေးမြို့ အဝေးပြေးလိုင်းပေါင်းစုံအသင်း ယာဉ်ရပ်နားစခန်းမှ ခရီးသွားပြည်သူများအား လမ်းပန်းဆက်သွယ်မှုလွယ်ကူရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် ကလေးမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ယာဉ်ငယ်အသင်း (ရောင်နီထွန်း)မှ ယာဉ်လိုင်းသစ် ပြေးဆွဲနေပြီဖြစ်သည်။

ကလေးမြို့ ပင်လုံ လိုင်းပေါင်းစုံ ကားလေးဝင်းယာဉ်ရပ်နားစခန်းမှ နေ့စဉ် နံနက်ရနာရီမှ စထွက်ပြီး ကလေး–ကလေးဝ– မော်လိုက်–ဖောင်းပြင် မြို့နယ်အသီးသီးသို့ ပြေးဆွဲလျက် ရှိသည်။

အဆိုပါ ကလေးဝ–မော်လိုက် ပြေးဆွဲသည့် မော်တော်ကားလမ်းသစ်မှာ ကလေးဝ–မော်လိုက် အထက်အညာသွားသည့် ချင်းတွင်းမြစ်အနောက်ဘက် ခြမ်းဒေသ လမ်းတစ်လျှောက်ရှိ ကျေးရွာများကို ဖြတ်သန်းကာ ကလေး–ကလေးဝ မိုင် ၆၀ကွာဝေးသည့် မော်တော်ကားလမ်းသစ်မှတစ်ဆင့် မြို့နယ်များ သို့ သွားရောက်နိုင်ရန်အတွက် ဒေသခံအဖွဲ့အစည်းများ၏ ကူညီမှုဖြင့်ဆောင်ရွက် ခဲ့ခြင်းဖြစ်သည်။

လွယ်ကူစွာသွားလာနိုင်

အလားတူပင် ကလေးဝ–မော်လိုက်–ဖောင်းပြင်မြို့နယ်အထိ ချင်းတွင်းမြစ် ရိုးတစ်လျှောက် လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(၄၅၇)

(၁၀)မြို့နယ် ဓမ္မစကြာဒေသနာတော် အာဂုံရွတ်ဆိုပူဇော်ပွဲနှင့် ဆုချီးမြှင့် ပွဲအခမ်းအနားကို ဒီဇင်ဘာ၃၁ရက်က မြိတ်မြို့ လေးကျွန်းဆီမီး သိမ်တော်ကြီး ဗုဒ္ဓသာသနာ့ဗိမာန်တော်တွင် ကျင်းပရာ ပထမဆုရ ထားဝယ်မြို့နယ် အသင်းအား တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နုနုဆွေက ဆုချီးမြှင့်စဉ်။ (ခရိုင်ပြန်/ဆက်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မဟာဗောဂလမ်း အမှတ်(၂၇)နေ ဦးကျင်မီ(ခ)ဦးတက်ထွန်း၊ ဇနီး ဒေါ်အယ်နီသိန်း မိသားစုက အလှူငွေကျပ် တစ်သိန်းခုနစ်သောင်း ငါးထောင်ကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်) တို့က လက်ခံရယူစဉ်။ (က–ပ)

ကြို့ပင်ကောက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့တို့က ကြီး မှူး ၍ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မိခင်နှင့် ကလေး ပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်က မိခင်နှင့်ကလေး အသင်းရုံးတွင် ကျင်းပရာ ပထမဆုရ ကလေးငယ်တစ်ဦးအား မြို့နယ်ဆရာဝန် ဒေါက်တာမြသောင်းက ဆုချီးမြှင့်စဉ်။ (၀၄၀)

ရိုးရာယဉ်ကျေးမှု ဆင်ယင်ထုံးဖွဲ့မှုပြိုင်

ဂန့်ဂေါ ဇန်နဝါရီ ၇

ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာ အဖွဲ့မှကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုယှဉ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ဂန့်ဂေါမြို့ မြစ်သာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါမြို့နယ်မှ ၁၂ဦး၊ ထီးလင်းမြို့နယ်မှ ငါးဦးနှင့် ဆောမြို့နယ်မှ ခြောက်ဦးတို့က ဒေသထွက် အဝတ်အထည်များဖြင့် ဝတ်စားဆင်ယင် ထုံးဖွဲ့ယှဉ်ပြိုင်ကြရာ ပထမဆုကို မနီလာဝင်း(ဂန့်ဂေါ)က လည်းကောင်း၊ ဒုတိယဆုကို မတင်နီလာအောင်(ဂန့်ဂေါ)ကလည်းကောင်း၊ တတိယဆုကို မမိမိလှိုင် (ထီးလင်း)က လည်းကောင်း အသီးသီးရရှိကြ၍ ခရိုင် မိခင်နှင့်ကလေး အသင်းဥက္ကဋ္ဌ ဒေါ်သီတာနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။**(၂၇၃)**

ဝမ်းတွင်း-ပင်းတလဲ ကျောက်ချောလမ်းခင်း

ဝမ်းတွင်း ဇန်နဝါရီ ၁၀

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်သည် ဇန်နဝါရီ ၂ရက်က ဝမ်းတွင်း–ပင်းတလဲကျောက်ချော လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနိုင်ဝင်းအောင်နှင့်အတူ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးသည်။

အဆိုပါ ကျောက်ချောလမ်းမှာ အကျယ် ၁၂ပေ၊ အရှည်ပေ ၆၆၀ ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့်အဖွဲ့ ဒီဇင်ဘာ၁၃ရက်က ထားဝယ်မြို့နယ် စည်ပင် သာယာရေး အဖွဲ့က တည်ဆောက်ပြီးသော ဇလွန်းမြေသားလမ်းနှင့် ခမောင်းသာချောင်း တံတားကိုသွားရောက်စစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပညာရေးစုံညီပွဲတော် ဆုပေးပွဲ ကွန်ဟိန်းတွင်ကျင်းပ

ကွန်ဟိန်း ဇန်နဝါရီ ၁၀

၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၃ရက် နံနက်၉ နာရီက ကွန်ဟိန်းမြို့နယ်အားကစားကွင်း၌ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက အခြေခံပညာ ကဏ္ဍ အနှစ်၃၀ နှစ်ရှည်စီမံကိန်း အကောင်အထည်ဖော်မှုကို ရှင်းလင်း ပြောကြား ပြီး စာပေထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် အားကစားထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြပြီး တွဲဖက်အလယ်တန်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းဖြင့် သရုပ်ဖော် ကပြဖျော်ဖြေကြကြောင်း သိရ သည်။ **(မြို့နယ်ပြန်/ဆက်)**

မြန်မာ့အသံ

၂၄–၁–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ ရန့်စုံ၊ အရွယ်စုံ၊ ရောင်စုံ ဆပ်ပြာမွှေးမျိုးစုံထုတ်လုပ်မှု)
၁၁း၄၀ သိပ္ပံပညာသိကောင်းစရာ (ဟိုက်ဒြိုဂျင်ခေတ်ကိုရောက်တော့မည်–သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၃း၁၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (မြန်မာစာ)

ညနေပိုင်း

၁၇း၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (သမိုင်းဝင်ခေါင်းလောင်းများ–စုသီရိ)
၁၈း၄၅ နေ့စဉ်သုံး အင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ ဇာတ်သဘင်(ရန်ကုန်တိုင်းမှ ရာမာယနဇာတ်–တတိယပိုင်း)
၂၀း၃၀ ဇာတ်သဘင်(ရန်ကုန်တိုင်းမှ ရာမာယနဇာတ်–စတုတ္ထပိုင်း)

သရုပ်ပြ

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးသက်အောင် ဦးစီး၍ ဈေးမီးသတ် အရန်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ စုပေါင်းပြီး ဒီဇင်ဘာ၁၁ ရက်က မုဒုံမြို့ ရွှေဟင်္သာဈေးကြီးအတွင်း မီးဘေး ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေးအတွက် လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ကြစဉ်။(၁၆၈)

ဇန်နဝါရီ ၃ ရက်က ပဲခူးတိုင်းပညာရေးစုံညီပွဲတော်တွင် လုပ်ငန်းများ ဆောင်ရွက်မှု၌ ပထမဆုရသော ပဲခူးမြို့အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွယ်ဦးအား ပဲခူးတိုင်းပညာရေးမှူး(စစ်ဆေးရေး) ဦးသိန်းအောင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ခရိုင်ပြန်/ဆက်)

နွေစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေးဆောင်ရွက် လယ်မြေပတ်ဝန်းကျင် မြေလွတ်မြေလပ်များ၌ စားပင်သီးပင်များတိုးချဲ့စိုက်ပျိုး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ရန်ကုန်တိုင်းစစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေများအတွင်းသို့ စိုက်ပျိုးရေ ပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ရန်ကုန်-ပဲခူးခြောက်လမ်းသွားလမ်းမကြီးနှင့် အမှတ်(၃)လမ်းဆုံအနီးရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ်က စိုက်ပျိုးလျက်ရှိသည့် လယ်မြေ ၈၃ ဧကသို့ရောက်ရှိပြီး လယ်မြေများအတွင်း နွေစပါးစိုက်ပျိုးမှုနှင့် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အဆိုပါလယ်မြေများ၌ ဒဂုံသီရိ၊ ဧည့်မထစော၊ ရေဆင်း(၃)စသည့် အထွက်ကောင်း မျိုးကောင်း မျိုးသန့် စပါးမျိုးများစိုက်ပျိုးထားရှိသည့် အခြေအနေကို လည်းကောင်း၊ လျှပ်စစ်ရေတင်စီမံကိန်းဖြင့် ရေတင်၍ ရေငြိမ်ကန်အတွင်း ရေဖြည့်သွင်းပြီး ပင်မမြောင်း၊ လက်တံမြောင်းများမှတစ်ဆင့် လယ်မြေအတွင်း စိုက်ပျိုးရေ လုံလောက်စွာ ပေးသွင်းလျက်ရှိသည့် ***စာမျက်နှာ ၁၁ ကော်လံ ၆*** ✡



ဘားအံမြို့နယ် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေး ကော့ထော်ရွာအဝင် မြေသားလမ်းလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့်အတူ ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်များတွင် ဘားအံမြို့နယ်နှင့် ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိသော မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများကို သွားရောက်စစ်ဆေးခဲ့သည်။ **(ဝဲပုံ)** ***စာမျက်နှာ ၁၁ ကော်လံ ၁*** ●

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အလွန်ကြီးမားသော မိုဘိုင်းလ်ဖုန်း

ဆန်ညိုကုမ္ပဏီမှ ထုတ်လုပ်ထားသော လက်ကိုင် မိုဘိုင်းလ်ဖုန်းကြီးတစ်ခုအား ဝန်ထမ်းများက ပြသရန် တပ်ဆင်နေသည်ကို တွေ့ရစဉ်။ **(ဝဲပုံ)**

ဂျပန်နိုင်ငံ အီလက်ထရွန်းနစ် ကုမ္ပဏီတစ်ခုဖြစ်သည့် ဆန်ညိုကုမ္ပဏီမှ ထုတ်လုပ်သော အမြင့်လူ့နှစ်ရပ်နီးပါးရှိသော လက်ကိုင် မိုဘိုင်းလ်ဖုန်းကြီးတစ်ခုကို လပ်စ်ဗီးဂတ်မြို့တွင် ဇန်နဝါရီ ၆ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သော နိုင်ငံတကာ အီလက်ထရွန်းနစ်ပြပွဲတစ်ခု၌ ပြသခဲ့ခြင်းဖြစ်သည်။

(ရိုက်တာ)

လွန်ခဲ့သည့် နှစ်ပေါင်း၅၀၀၀ခန့်က အဆောက်အအုံ

ပီရူးနိုင်ငံ ဆိုပီမြို့အနီး ပျက်စီးနေသော ရှေးဟောင်းအဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါ ရှေးဟောင်းအဆောက်အအုံသည် ပီရူးနိုင်ငံ လီမာမြို့ မြောက်ဘက် မိုင် ၉၀ ခန့်အကွာ ဆိုပီမြို့အနီးတွင်တည်ရှိပြီး ရှေးဟောင်းသုတေသနပညာရှင်များက ယင်းအဆောက်အအုံသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀၀ ခန့်က တည်ရှိခဲ့သော ရှေးဟောင်း အဆောက်အအုံတစ်ခုဖြစ်ကြောင်း ခန့်မှန်းပြောကြားသည်။

(အမ်အင်အေ၊အေပီ)

အောင်လံမြို့နယ် စမ်းကလေးကျေးရွာ တစ်နာရီ ဂါလန် ၁၀၀၀ ထွက် စက်ရေတွင်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၂

အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စမ်းကလေးကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပသည်။

ဖွင့်ပွဲသို့ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အောင်လံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဆွေ၊ အောင်လံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)** အဆိုပါ စက်ရေတွင်းမှာ တစ်နာရီလျှင် ဂါလန် ၁၀၀၀ ထွက်ရှိကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဖွံ့ဖြိုး စည်ပင် ကျေးလက် တစ်ခွင်